# LIFT ၏ တောင်တန်းဒေသများ စီမံကိန်းမူဘောင်

၂၀၁၅၊ ဇူလိုင်လ

## နောက်ခံအကြောင်းအရာ

LIFTသည် အများအားဖြင့် ကချင်၊ချင်း၊ရှမ်းပြည်နယ်တို့တွင်ရှိသော တောင်တန်းဒေသများ၌ စီမံချက်၁၅ခုကို နိုင်ငံတဝန်း စီမံကိန်း၊ သင်ယူခြင်းနှင့်တီထွင်ဆန်းသစ်ခြင်းစီမံကိန်းတို့အားဖြင့် ၂၀၁၁ခုနှစ်မှစ၍ ရန်ပုံငွေထောက်ပံ့နေခဲ့သည်။ ၂၀၁၄-၁၅ ခုနှစ်တွင် မြန်မာနိုင်ငံတောင်တန်းဒေသများအတွက် သီးခြားအစီအစဉ်သစ်တစ်ခုကို ရေးဆွဲခဲ့ရာ ပဋိပက္ခမှလွတ်မြောက်လာသောနယ်မြေများကို ထောက်ပံ့ရန်လည်း ပါဝင်သည်။ ၂၀၁၄ခုနှစ်စက်တင်ဘာလ မှ ၂၀၁၅ခုနှစ် ဇန်နဝါရီလအတွင်းတွင် LIFTသည် လွှမ်းခြုံသုံးသပ်မှုတစ်ခုပြုလုပ်ခဲ့ပြီး လွှမ်းခြုံလေ့လာသုံးသပ်မှု အစီရင်ခံစာနှင့် ပဋိပက္ခကိုအလေးထားတုံ့ပြန်သော မူဝါဒတို့ကို ပြုစုခဲ့သည်။ ယင်းလုပ်ငန်းတွင် တောင်တန်းဒေသ၌ အကောင်အထည်ဖော်ဆောင်ရွက်နေသောမိတ်ဖက်များနှင့် ဆွေးနွေးတိုင်ပင်သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ၂၀၁၄ခုနှစ် အောက်တိုဘာလ ၁၇ရက်တွင် ကျင်းပခြင်းလည်း ပါဝင်သည်။ လွှမ်းခြုံသုံးသပ်ရာမှ တွေ့ရှိချက်များနှင့် LIFT၏ ယခင် တောင်တန်းဒေသစီမံချက်များမှ တွေ့ရှိချက်များကို အခြေခံကာရေးဆွဲထားသော တောင်တန်းဒေသ စီမံကိန်းမူဘောင်အသစ်ကို ဤစာတမ်းတွင် ဖော်ပြထားပါသည်။

လွှမ်းခြုံသုံးသပ်လေ့လာမှုအစီရင်ခံစာ[1]သည် စီမံကိန်းမူဘောင်နှင့် သီးခြားဖြစ်သည်။ ယင်းသည် အထောက်အကူပြုစာတမ်းတစ်စောင်ဖြစ်ပြီး ကျယ်ပြန့်သောနယ်မြေအတွင်းတွင်တွေ့ရှိခဲ့သော အကြောင်းကိစ္စအထွေထွေတို့နှင့် ပတ်သက်၍ မှီငြမ်းပြုရန်ဖြစ်သည်။ ယင်းတွင် သုံးသပ်အကဲဖြတ်ချက်များ၊ ရည်ညွှန်းချက်များ၊ အကြံပြုချက်များပါဝင်ရုံမက ဤမူဘောင်တွင် ပြဌာန်းထားသောစီမံကိန်း၏ လွှမ်းခြုံမှုကိုပင် ကျော်လွန်သည်။ LIFTထံသို့ အဆိုပြုလွှာတင်သွင်းသူများသည် ဤစီမံကိန်းမူဘောင်နှင့် တစ်ပြေးညီဖြစ်အောင် ရေးသားပြုစုရန်လိုအပ်ကြောင်း အကြံပြုလိုသည်။

## စီမံကိန်း၏ နယ်ပယ်/လွှမ်းခြုံမှု

တောင်တန်းဒေသစီမံကိန်း၏ ဦးစားပေးမှုများ၊ ရလဒ်များနှင့် ကိုက်ညီသော စီမံချက်များ/ ဆောင်ရွက်ချက်များကို ဤအဆိုပြုမူဘောင်က ထောက်ပံ့သွားမည်ဖြစ်သည်။ မိတ်ဖက်များအနေဖြင့် လုပ်ဆောင်မှုများကို ဒေသအခြေအနေကို အခြေခံကာ  အဆိုပြုနိုင်ရန်အတွက် လိုအပ်သလို ပြောင်း/ပြင်ခွင့်ပြုမည် ဖြစ်သည်။ ဤတောင်တန်း ဒေသစီမံကိန်းတွင် ရည်မှန်းထားသောလူထု ၃မျိုး ရှိမည်ဖြစ်ပြီး အစိတ်အပိုင်း ၇ခု ပါဝင်မည်ဖြစ်သည်။ ယင်းတို့သည် တောင်တန်းဒေသ၏ အခြေအနေအမျိုးမျိုးအလိုက် ဦးစားပေးလိုအင်များနှင့် ကိုက်ညီရမည် ဖြစ်သည်။ ထို့ပြင် LIFTက နှိုင်းယှဉ်ချက်အရ ဦးစားပေးထားသော အကြောင်းကိစ္စများနှင့်လည်း ညီညွတ်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးသူများ၏ အသက်မွေးဝမ်းကျောင်းမှုကြံ့ကြံ့ခံနိုင်စေရန်နှင့် အာဟာရပြည့်ဝစေရန်တို့ အတွက် LIFTက ဆောင်ရွက်နေသော ရည်ရွယ်ချက်များအညီ ဤစီမံကိန်းကို ရေးဆွဲထားပြီး ဝင်ငွေတိုးတက်စေမည့်၊ စားနပ်ရိက္ခာကို ရရှိနိုင်စေမည့်၊ စားသုံးနိုင်စေမည့်၊ လက်လှမ်းမီစေမည့် ဆောင်ရွက်ချက်များကို အလေးပေးထား သည်။ ဤစီမံကိန်း သည် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၊ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးခြင်း၊ ကြီးမားသောစီးပွားရေးအခြေခံ အဆောက်အအုံစသည်တို့ကဲ့သို့သော အခြားရည်မှန်းချက်ဖြင့် ဆောင်ရွက်မှု များသို့ အရင်းအမြစ်များ အစားထိုးပေးရန် သို့မဟုတ် ထပ်ဆောင်းပေးရန် မရည်ရွယ်ပါ။ ဤစီမံကိန်းသည် ယင်းဆောင်ရွက်မှုများကို ထိပ်တိုက်မတွေ့စေဘဲ ငြိမ်းချမ်းရေးဆောင်ရွက်မှုများကို မဟန့်တားဘဲ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးခြင်းထက်ကျော်လွန်သော

[1] LIFT၏တောင်တန်းဒေသလွှမ်းခြုံသုံးသပ်မှုအစီအရင်ခံစာ ၂၀၁၅. ယင်းအစီရင်ခံစာကို ဇူလိုင်လ၌ LIFT ဝက်ဘ်ဆိုဒ်တွင် ရယူနိုင်ပါသည်။

ဖွံ့ဖြိုးရေးအခွင့်အလမ်းများကို ပေးအပ်မည် ဖြစ်ပါသည်။ ထို့ပြင် ဤစီမံကိန်းသည် ဒေသခံအခြေအနေကို ကောင်းစွာ နားလည်မှုအား အခြေခံထားပြီး ဒေသခံအကျိုးတူဆောင်ရွက်နေသူများ၏ သဘောတူညီချက်နှင့်အညီ ဖြစ်ပါသည်။

## ပဋိပက္ခကိုအလေးထားတုံ့ပြန်သောမှုများ

မြန်မာနိုင်ငံတောင်တန်းဒေသရှိ ပဋိပက္ခဖြစ်ပွားနေသောရပ်ရွာများ၏ ထူးခြားချက်ကြောင့် ပဋိပက္ခကိုအလေးထားတုံ့ပြန်သော မှု၁၂ရပ်ကို LIFTက ချမှတ်ခဲ့ပါသည်။ (နောက်ဆက်တွဲ၃ကိုကြည့်ပါ) ယင်းမှုတို့သည် စီမံကိန်းကို အကောင်အထည်ဖော်ရာ တွင်လည်းကောင်း၊ ပဋိပက္ခဖြစ်ပွားနေသောနယ်မြေများတွင် လုပ်ငန်းဆောင်ရွက်ရာ၌ စဉ်းစားရန်လိုအပ်သော အဓိက ကိစ္စရပ်များကို သိမြင်စေရန်အတွက် လည်းကောင်း၊ "မထိခိုက်စေရေး (Do No Harm)မှု"ကို ဆောင်ရွက်ရာတွင် လည်းကောင်း လမ်းညွှန်မည် ဖြစ်သည်။

စီမံချက်သက်တမ်းတစ်လျှောက်လုံးတွင် ယင်းမှုတို့ကိုကျင့်သုံးရာ၌ စဉ်းစားရမည့်အချက်များကိုလည်း လမ်းညွှန် ထားသည်။ မူအများစုသည် ဖွံ့ဖြိုးရေးဆောင်ရွက်သည့်နည်းလမ်းကောင်းများကို အခြေခံထားသော်လည်း ဖြစ်ပွား နေသည့် ပဋိပက္ခအခြေအနေအရ အတိုင်းအတာအတိမ်အနက် ကွဲပြားနိုင်သည်။

အချို့မှုများသည် ဤစီမံကိန်းကိုအကောင်အထည်ဖော်မည့် မိတ်ဖက်များကို ရွေးချယ်ရာတွင် သက်ရောက်မှု ရှိနိုင်သည်။ အထူးသဖြင့် ပဋိပက္ခဖြစ်ပွားမှုမြင့်မားသောနေရာများတွင် LIFTသည် နောက်ခံအခြေအနေကို ကောင်းစွာသိရှိသော၊ ဒေသခံအကျိုးတူဆောင်ရွက်နေသူများနှင့် တရားဝင်ဖြစ်စေ/အလွတ်သဘောဖြစ်စေ ယုံကြည်မှုတည်ဆောက်ပြီးသော ဒေသခံအဖွဲ့အစည်းများကို ထောက်ပံ့သည့်လုပ်ငန်းများကို ဆောင်ရွက်နေသော မိတ်ဖက်များကို ပို၍ ဦးစားပေးမည် ဖြစ်ပါသည်။

## ဦးတည်လူထု ၃ မျိုး

မြန်မာ့တောင်တန်းဒေသသည် မြန်မာနိုင်ငံပိုင်နက်နယ်မြေ၏ ၅၅%ကို လွှမ်းခြုံထားကာ ယင်းတွင် နိုင်ငံ့လူဦးရေ၏ ၂၃% နေထိုင်ကြသည်။ တောင်တန်းဒေသတွင် ပြဿနာအမျိုးမျိုးနှင့်ရင်ဆိုင်နေရပြီး စီးပွားရေးဖွံ့ဖြိုးမှုနှင့် လက်လှမ်းမီမှု အခြေအနေမှာလည်း အမျိုးမျိုးရှိနေသည်။ တောင်တန်းဒေသတွင် လူမျိုးစု အမျိုးမျိုးရှိသည့်အပြင် နယ်မြေများကိုတောင်းဆိုနေသည့် နိုင်ငံရေးအုပ်စု လက်နက်ကိုင်အုပ်စုများလည်း ရှိနေကြသည်။ တောင်တန်း ဒေသ၏ထွေပြားမှုကို ဖုန်နယ်မြေခွဲများဖြင့် ဆောင်ရွက်၍ရနိုင်မည်မဟုတ်သောကြောင့် ရည်မှန်းလူထု၃မျိုး ခွဲခြားကာ သီးခြားနည်းလမ်းများဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည် (နောက်ဆက်တွဲ ၁ ပါဇယားကို ညွှန်းရန်)_

- (၁) နေရာစွန့်ခွာရွှေ့ပြောင်းခဲ့ရသူများ
- (၂) စားနပ်ရိက္ခာဖူလုံမှုနည်းပါးပြီး ဝန်ဆောင်မှုများနှင့်လက်လှမ်းမမီသော ဝေးလံခေါင်ဖျားသည့် တောင်တန်းဒေသနေရပ်ရွာလူထုအဖွဲ့အစည်း
- (၃) တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးမှုတွင် ပါဝင်နိုင်စွမ်းရှိသည့် ကုန်ထုတ်စွမ်းအားရှိသောလူထု

LIFTသည် အပိုဒ်(၂)နှင့် (၃)တို့နှင့်ပတ်သက်၍ အတွေ့အကြုံကောင်းစွာရှိပြီးဖြစ်သည်။ အပိုဒ်(၁) သည်လည်း ပဋိပက္ခမှ လွတ်မြောက်လာသည့်နယ်မြေတွင် လုပ်ငန်းဆောင်ရွက်ရန် LIFT၏ ဆုံးဖြတ်ချက်နှင့် သက်ဆိုင်သည်။ လူထုအမျိုးအစား အသီးသီးသည် LIFT၏ မဟာဗျူဟာအသစ်တွင်ပါရှိသော ဦးစားပေးမှုများနှင့် သက်ဆိုင်သော အခွင့်အလမ်းအမျိုးမျိုးကို ပေးအပ်နေသည်။ ဤရည်မှန်းလူထု ၃အုပ်စုတို့၏ ထူးခြားချက်များ၊ လိုအပ်ချက်များ၊ အခွင့်အလမ်းများနှင့် ကိုက်ညီသော နည်းလမ်းများကိုဆောင်ရွက်ရန် အခွင့်အရေးပေးအပ်နေသည်။

## (၁) နေရာစွန့်ခွာရွှေ့ပြောင်းခဲ့ရသူများ

နေရပ်စွန့်ခွာရွှေ့ပြောင်းခဲ့ရသူများ (IDPs) သည် ဤစီမံကိန်းတွင်အရေးပါသော ရည်မှန်းချက်တစ်ခုဖြစ်သည်။ IDP များသည် ကယ်ဆယ်ရေးစခန်းတွင်းတွင်ရော စခန်းပြင်ပတွင်ပါ ရှိနေနိုင်သည်။ ယင်းတို့သည် လူတစ်ဦးချင်း ဖြစ်စေ၊ အိမ်ထောင်စုလိုက် ဖြစ်စေ၊ ရပ်ရွာလိုက်ဖြစ်စေ ပုံမှန်ရွှေ့ပြောင်းနေရသူများ (အမြဲတမ်း သို့မဟုတ် ယာယီ) ဖြစ်ကြပြီး ယင်းတို့၏ လူမှုဘဝ ကောင်းမွန်ရေးအတွက် လိုအပ်နေသည့် လုံခြုံရေးကိုရှာဖွေနေကြသည်။ ထို့ပြင် အသစ်ဝင်လာသူများကို စီမံခန့်ခွဲနိုင်ရန်၊ ရွာ၏ဝန်ဆောင်မှုများကိုတိုးချဲ့ကာ လူသစ်များကိုကူညီနိုင်ရန်အတွက် လက်ခံသည့်ရပ်ရွာများကိုကူညီရန်လည်း စီမံကိန်းမှ ရည်မှန်းသည်။

နယ်စပ်ဖြတ်ကျော်ရွှေ့ပြောင်းသည့် လူဦးရေမှာလည်း သိသိသာသာများပြားနေသဖြင့် ယင်းတို့ကို စဉ်းစားရန် ရည်မှန်းသင့် သော်လည်း၊ ယင်းတို့၏အနေအထားနှင့် မြန်မာနိုင်ငံတွင် ပြန်လည်နေရာချထားရေးအစီအစဉ် များမှာ မရှင်းလင်းသေးပါ။ ထို့ကြောင့် "စောင့်ကြည့်"ရမည်သာ ဖြစ်သည်။

***ဦးတည်ခြင်း/ဦးတည်လုပ်ထုံး***။ သီးခြားနေရာတစ်ခုထက် နယ်မြေတစ်ခုလုံးတွင် မိတ်ဖက်က လုပ်ငန်းဆောင်ရွက်ခွင့်ရမှသာ မည်သည့် နည်းလမ်းဖြင့် ဆောင်ရွက်ရမည်ကို ရွေးချယ်နိုင်မည်ဖြစ်သည်။ *ဤစီမံကိန်းသည် လောလောဆယ်တွင် IDPအများစု ရှိသည့်နေရာများ၊ ပဋိပက္ခဖြစ်ပွားမှုမရှိသည့်နေရာများ၊ LIFTလုပ်ငန်းဆောင်ရွက်ရန် သွားလာနိုင် သည့်နေရာများကိုသာ ဦးတည်ဆောင်ရွက်မည်ဖြစ်သည်*။ အထူးသဖြင့်_

- ကချင်ပြည်နယ်အရှေ့တောင်ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း

ကချင်ပြည်နယ်ရှိ IDPအများစုသည် စခန်းများတွင်နေထိုင်ခဲ့ကြသည်မှာ ၂နှစ်ကျော်ပြီဖြစ်သည်။ ဤအခြေအနေသည် နှစ်တိုမှ နှစ်ရှည်အထိ ကြာမြင့်နိုင်သည်။ ထို့ကြောင့် ဤလူထုတို့၏ အသက်မွေးမှုကို အထူးသတိပြုရန် လိုအပ်သည်။ စခန်းအများစုမှာ မြစ်ကြီးနားနှင့် ဗန်းမော်ပတ်ဝန်းကျင်တွင်ရှိသည်။ ကေအိုင်အောထိန်းချုပ်နယ်မြေအတွင်းရှိ စခန်းများမှာ ရောက်ရှိရန် မလွယ်ကူသည့်ပြင် ပဋိပက္ခဖြစ်နေသော နယ်မြေအတွင်းတွင်လည်း ကျရောက်နေသည်။ စီမံကိန်းဆောင်ရွက်နေစဉ်အတွင်း ဤအခြေအနေမှာပြောင်းလဲသွားနိုင်သဖြင့် မကြာခဏ ပြန်လည် သုံးသပ်ရန် လိုအပ်မည်ဖြစ်သည်။

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ကယ်ဆယ်ရေးစခန်းများမှာ ကိုးကန့်နယ်မြေအတွင်း၌သာ အများဆုံးတည်ရှိကြ သည်။ ပလောင်ဒေသတွင်မူ IDPများသည် စခန်းများထက် စိတ်ချရသောရွာများတွင်သာ မိသားစုလိုက် နေထိုင်ကြသည်။

- အရှေ့တောင်ပိုင်း။ ကယား၊ ကရင်၊ မွန်ပြည်နယ်များနှင့် တနင်္သာရီတိုင်း

အရှေ့တောင်ပိုင်းတွင် IDPများစွာ ရှိကြသည်။ ရွာအမြောက်အမြားသည် ပုံမှန်နေရာရွှေ့ပြောင်းမှုကို ဆယ်စုနှစ်နှင့်ချီ၍ ပြုလုပ်ခဲ့ကြရသည်။ သို့သော် ယခုအခါတွင် အမြဲတမ်းအခြေချနေထိုင်နိုင်လာကြပြီး ဒေသခံလယ်ယာလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် စဉ်းစားနိုင်ကြပြီဖြစ်သည်။ IDPအများအပြားမှာ အခြားရွာများသို့ ရွှေ့ပြောင်းခဲ့ကြပြီး ဖြစ်သည်။ အချို့ရွာများက IDPများကို ပြောင်းရွှေ့လာသူများအဖြစ်လက်ခံကာ အခြေချခွင့်ပြုခဲ့ကြသည်။

အပစ်အခတ်ရပ်စဲရေးရသည်ဖြစ်စေ မရသည်ဖြစ်စေ ဤနယ်မြေများတွင် LIFTလုပ်ငန်းဆောင်ရွက်ရန်မှာ စိန်ခေါ် မှုများ အတော်အတန်ရှိနေသည်။ ထို့ပြင် ပဋိပက္ခအခြေအနေမှာလည်း မြင့်လျက်ရှိသည်။ ထိုသို့ ဖြစ်ရခြင်းမှာ လက်နက်ကိုင်အုပ်စု အချင်းချင်း မကြာသေးမီက အခင်းဖြစ်ပွားခြင်းကြောင့်သာမက ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ပတ်သက်၍ ဒေသခံပတ်သက်ဆက်နွယ် နေသူများ၏ အမြင်မတူမှုကြောင့်လည်းဖြစ်သည်။ ကချင်ပြည်နယ်တွင် IDPများနှင့်လုပ်ငန်းဆောင်ရွက်နေသော ဒေသခံ NGOများက ဖွံ့ဖြိုးတိုးတက်မှုကိုရည်မှန်းသည့် အထောက်အပံ့များပေးမည့်ကိစ္စကို ဆန့်ကျင်ခဲ့ကြသည်။

အခြေခံလိုအပ်ချက်များ မပြည့်စုံသေးသောကြောင့် လူသားချင်းစာနာမှု ဆိုင်ရာအကူအညီများကိုသာ ပိုမိုပေးအပ်ရန် တောင်းခံခဲ့ကြသည်။ အရှေ့တောင်ပိုင်းတွင်မူ ဖွံ့ဖြိုးရေးဆောင်ရွက်မှုများကို တိုင်းရင်းသားလူမျိုးစုများ၏နစ်နာမှုကို ဖြေရှင်းသည့် တွေ့တွေ့ဆိုင်ဆိုင်ဆွေးနွေးမှုများကို ရှောင်လွှဲ လိုသည့် အစိုးရ၏ နည်းလမ်းတစ်ရပ်ဟု ရှုမြင်ကြသည်။ ဤဒေသနှစ်ခုလုံးနှင့် မြောက်ပိုင်း ရှမ်းပြည်နယ်တွင်ပါ ဒေသခံအဆင့်၌ တိုင်းရင်းသားလူမျိုးစုများနှင့် အစိုးရတို့၏ ဆွေးနွေးပြောဆိုမှုမှာ ပြည်ထောင်စုအဆင့်၌ ဆွေးနွေးပြောဆိုမှုတို့ကို လိုက်မမီသည့်အပြင် အကန့်အသတ်ဖြင့်သာ ရှိကြသေးသည်။ ထို့ကြောင့် LIFTသည် စီမံကိန်းနှင့် ယင်း၏ရည်ရွယ်ချက်များကို ဆက်သွယ်ပြောကြား မည့်နည်းလမ်းကို သေချာစွာစဉ်းစားရန် လိုအပ်သည်။ ဒေသခံတိုင်းရင်းသားလူမျိုးစုအုပ်စုများနှင့် ထိတွေ့ဆောင်ရွက်ရာတွင် အစိုးရနှင့် မိမိတို့၏ဆက်သွယ်မှုကို ဖိစီးမှုမဖြစ်စေရန် တိုက်ရိုက်အထောက်အပံ့များကို ကျွန်ုပ်တို့၏မိတ်ဖက်များက လိုအပ်လိမ့်မည်။ ထိုနယ်မြေများတွင် စီမံချက်လုပ်ငန်းများကို ထူထောင်ရာတွင် ယုံကြည်မှုတည်ဆောက်ရေးကို ဦးစားပေးရန်လိုအပ်သည်။ (ဆိုလိုသည်မှာ ရေတိုစီးပွားရေးအောင်မြင်မှုနှင့် ဖွံ့ဖြိုးရေးရလဒ်များကို မမျှော်လင့်ရန် ဖြစ်သည်) LIFT၏ ပဋိပက္ခကိုအလေးထားတုံ့ပြန်သောမှုများ(နောက်ဆက်တွဲ၃ကိုကြည့်ပါ)သည် အထူးအရေးပါမည်ဖြစ်သည်။

ထို့ကြောင့် ပထမအဆင့်တွင် ပတ်သက်ဆက်နွယ်နေသူများအချင်းချင်း ယုံကြည်မှုတည်ဆောက်ရန် ရည်မှန်းထား သည်။ ဆိုလိုသည်မှာ LIFT၏ဖွံ့ဖြိုးရေးအထောက်အပံ့သည် စောစောပိုင်းတွင် လက်ရှိလူသားချင်းစာနာမှုဆိုင်ရာ အကူအညီများကို ထပ်ဆောင်းအထောက်အပံ့ပေးရန်နှင့် အပြောင်းအလဲကာလအတွက်သာဖြစ်ရမည်_

- ယာယီရပ်ရွာများနှင့် ကယ်ဆယ်ရေးစခန်းများတွင်ရှိသော IDPများက ယင်းတို့၏ဘဝပြန်လည်တည်ဆောက် ရေးနှင့် ယင်းတို့၏အနာဂတ်အတွက် ကျေးလက်ဒေသတွင် အမြဲတမ်းနေထိုင်ရန် သို့မဟုတ် မြို့ငယ်များ နှင့် အခြားဒေသများရှိ အလုပ်အကိုင်အခွင့်အလမ်းအသစ်များသို့ ပြောင်းရွှေ့ရန်အတွက် စဉ်းစားနိုင်ရန် ကူညီရန်။
- ရွှေ့ပြောင်းခဲ့ရသောရပ်ရွာလူထုကိုလည်း အမြဲတမ်းအခြေချနေထိုင်နိုင်ရန်၊ ကျေးရွာအဆင့်အခြေခံအ ဆောက်အအုံများ၊ အသက်မွေးမှုအခွင့်အလမ်းများ၊ ပြင်ပဝန်ဆောင်မှုများနှင့်ချိတ်ဆက်မှုများကို ကောင်းမွန်စေရန် ထောက်ပံ့ပေးရန်။
- ကာလရှည်ကြာအဟာရမပြည့်ဝမှုနှင့် ကလေးသူငယ်များသေးလှီမှုကို ကိုင်တွယ်ဖြေရှင်းရန်။

## (၂) စားနပ်ရိက္ခာဖူလုံမှုနည်းပါးပြီး ဝန်ဆောင်မှုများနှင့် လက်လှမ်းမမီသော ဝေးလံခေါင်ဖျားသည့် တောင်တန်းဒေသနေ ရပ်ရွာလူထုအဖွဲ့အစည်း

---

တောင်တန်းဒေသ၏ နေရာအများအပြားမှာ ဝေးလံခေါင်ဖျားပြီး အထူးသဖြင့် ကုန်းမြေမြင့်ပြီး သစ်တောထူထပ်လျှင် လူဦးရေ နည်းပါးသည်။ အစဉ်အလာအားဖြင့် ချောင်ကျသောရပ်ရွာများတွင်နေထိုင်သော အိမ်ထောင်စုများမှာ ရွှေ့ပြောင်းတောင်ယာ လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ သစ်တောထွက်ပစ္စည်းတို့ကိုသာ မှီခိုနေရသော ဝမ်းစာဖူလုံရုံ အဆင့်တွင် ရှိကြသည်။ ဤရပ်ရွာ အများစုမှာ အစိုးရ၏ဝန်ဆောင်မှုများနှင့် လက်လှမ်းမီမှုနည်းသည့်အပြင် အဟာရအခြေအနေမှာလည်း နိမ့်ကျကြသည်။

သို့သော်လည်း ယင်းတို့၏ အသက်မွေးဝမ်းကျောင်းမှုမှာ သိသာစွာပြောင်းလဲနေသည်။ လွန်ခဲ့သော နှစ်၅၀အတွင်း မြေပြန့်ဒေသနှင့် အနီးအနားရှိတောင်ကြားဒေသများတို့နှင့် စီးပွားရေးအရ ပေါင်းစည်းမှုများရှိခဲ့ကြသည်။ ဝင်ငွေကောင်းသော သီးနှံများ၊ နှစ်ရှည်ပင်များစိုက်ပျိုးခြင်း၊ ရွှေ့ပြောင်းသွားလာခြင်းတို့ ရှိခဲ့ကြသည်။ မြေမြင့်လေလေ အချို့သောနှစ်ရှည်ပင်များ နှင့် တန်ဖိုးကြီးသီးနှံများ (သစ်သီးများ၊ အခွံမာသီးများ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ ပန်း များ၊ သမပိုင်းသီးနှံများ၊ လက်ဖက်၊ ကော်ဖီစသည်)တို့ကို စိုက်ပျိုးနိုင်လေလေဖြစ်သည်။ ယင်းတို့ကို ပူနွေးသောမြေပြန့်ဒေသတွင် စိုက်ပျိုးရန်မလွယ်ကူပေ။ ယခုအချိန်တွင် တောင်တန်းဒေသစိုက်ပျိုး-စီးပွားလုပ်ငန်း မှာ ကျယ်ပြန့်စွာတိုးတက်နေပြီဖြစ်သော်လည်း သုတေသနနှင့် ရင်းနှီးမြှုပ်နှံမှုမရှိသောကြောင့် ယင်း၏ တကယ့်တိုးတက်နိုင်စွမ်းသို့ မရောက်ရှိသေးပါ။

ပဋိပက္ခများဖြစ်နေခြင်း၊ ပညာသင်ယူရန်နှင့် ဝင်ငွေကောင်းသည့် လယ်ယာပြင်ပအလုပ်များရရှိရန် ခဲယဉ်းခြင်းတို့ကြောင့် ပြည်တွင်းရော ပြည်ပသို့ပါရွှေ့ပြောင်းမှုမှာမြင့်မားလျက်ရှိသည်။ အချို့အိမ်ထောင်စုများသည် ပြန်ပို့သော ငွေများကိုသာ ပိုမိုမှီခိုနေကြရသည်။ ပြန်ပို့သောငွေများသည်လည်း စီးပွားရေးအသစ်တစ်ရပ် ဖြစ်ထွန်းရေးကို တွန်းအားပေးလျက်ရှိသည်။

လူတိုင်းတွင် ရွှေ့ပြောင်းနိုင်စွမ်းသော်လည်းကောင်း၊ ရွှေ့ပြောင်းလိုစိတ်သော်လည်းကောင်း၊ နှစ်မျိုးစလုံးသော်လည်းကောင်း မရှိကြသည့်အပြင်၊ လယ်သမားအများအပြားမှာလည်း သင့်လျော်သောနည်းပညာများနှင့် အရင်း အမြစ်များမရှိကြဘဲလျက် သီးနှံအသစ်များအတွက် ရင်းနှီးမြှုပ်နှံနေကြသည်။ မြေယာမဲ့နှုန်းမှာ များစွာနည်းပါးပြီး မြေယာသို့လက်လှမ်းမမီမှုမှာ အဓိက အဟန့်အတားမဟုတ်သော်လည်း မြေယာဖွံ့ဖြိုးရေး၊ သီးထွက်ကောင်းမွန်ရေး(ဥပမာ-ရေရရှိရေး)တို့မှာ အထူးသဖြင့် အဆင်းရဲနွမ်းပါးဆုံးအိမ်ထောင်စုများ လုပ်အားမလုံလောက်သော အိမ်ထောင်စုများအတွက် အဓိကအဟန့်အတားများ ဖြစ်နေသည်။

ဤစီမံကိန်းသည် ဤရပ်ရွာလူထုတို့အတွက် စိုက်ပျိုးရေးအခွင့်အလမ်းသစ်များကို ဖော်ထုတ်ရန်နှင့် တိုးချဲ့ ဆောင်ရွက်ရန် ရည်မှန်းမည်။ နှစ်ရှည်သီးနှံများ၊ ရေရရှိရေးနှင့်နည်းပညာအသစ်များတို့တွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် လုပ်ကွက်ငယ် လယ်သမားတို့ကို ရေရှည်တက်လှမ်းနိုင်ရန် ကူညီနိုင်မည်ဖြစ်သည်။ ထို့ပြင် တက်လှမ်းမည့်အစား ထွက်ခွာမည့်သူများနှင့် နှစ်မျိုးစလုံးကိုဆောင်ရွက်မည့် အိမ်ထောင်စုများတို့ကိုကူညီရန် ရွှေ့ပြောင်းခြင်းဆိုင်ရာနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကိုပေးရန် စဉ်းစားမည် ဖြစ်သည်။

ဝန်ဆောင်မှုအားနည်းသောနေရာများတွင် LIFTသည် အာဟာရကောင်းမွန်စေရေး၊ ရေနှင့်သန့်ရှင်းရေး နှင့် အခြား ပြည်သူ့ဝန်ဆောင်မှုများကို လက်လှမ်းမီစေရန် ရပ်ရွာလူထုနှင့်အတူ လက်တွဲဆောင်ရွက်မည်ဖြစ်သည်။ တောင်တန်းဒေသ အများအပြားမှာ အစိုးရနှင့်တိုင်းရင်းသားအုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ ရှုပ်ထွေးသော နိုင်ငံရေးအခြေအနေကြောင့် အညိုရောင်နယ်မြေများ ဖြစ်နေကြသည်။ ဤအခြေအနေမျိုးတွင် ဤစီမံကိန်းကို ပဋိပက္ခကိုဂရုပြုသော နည်းလမ်းဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်။ လူမျိုးစုအုပ်စုငယ်များသည် အစိုးရဝန်ဆောင်မှုများ မရရှိခြင်း၊ မပေါင်းစည်းခြင်း၊ သယံဇာတ ဆုံးရှုံးခြင်း(မြေယာနှင့်သစ်တော)တို့ကို နှစ်လကြာရှည်စွာ တွေ့ကြုံခဲ့ပြီးဖြစ်သည်။ ပြည်နယ်အစိုးရသစ်များသည်လည်း ဒေသခံလူထုနှင့်ထိတွေ့ဆက်ဆံရန် နည်းလမ်းသစ်များကို ရှာဖွေနေကြသည်။ ဤအခြေအနေတွင် အထူးသဖြင့် သယံဇာတ စီမံခန့်ခွဲရေး၌ ကောင်းမွန်သောအုပ်ချုပ်မှုနှင့် အကျိုးတူဆောင်ရွက်သူအချင်းချင်း ယုံကြည်မှုတည်ဆောက်ခြင်းသည် အရေးကြီးသည်။

အဆိုပြုစီမံကိန်းခွဲနယ်မြေများတွင် မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်းရှမ်းပြည်နယ်မှ နယ်မြေများပါဝင်ပြီး ယင်းနယ်မြေတို့မှာ စီးပွားရေးလမ်းကြောင်းများနှင့် အဆက်အသွယ်နည်းပါးပြီး(အောက်တွင်ကြည့်ပါ) ပဋိပက္ခဖြစ်ပွားမှုလည်း မရှိပါ။ ဤစီမံကိန်း သည် စားနပ်ရိက္ခာမဖူလုံသော/အာဟာရအညွှန်းကိန်းနိမ့်ကျသော နယ်မြေများကို ရည်မှန်းချက်ထားကာ ဆောင်ရွက်မည် ဖြစ်သည်။ ထိုနယ်မြေများသည် ဆင်းရဲမွဲတေမှုမြင့်မားပြီး ချောင်ကျသော်လည်း စီးပွားဖြစ်နိုင်စွမ်းရှိကြသည် ဥပမာ- ချင်းပြည်နယ်၊ ကချင်ပြည်နယ်မြောက်ပိုင်း၊ နာဂဒေသတို့တွင် ဖြစ်သည်။ ချောင်ကျခြင်းနှင့်လူဦးရေနည်းပါးခြင်းကြောင့် လုပ်ငန်းဆောင်ရွက်မှု၏ ရလဒ်ကို မထိခိုက်စေသင့်ပေ။

## (၃) တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးမှုတွင် ပါဝင်နိုင်စွမ်းရှိသည့် ကုန်ထုတ်စွမ်းအားရှိသောလူထု

အထူးသဖြင့် တရုတ်နိုင်ငံနှင့်ဆက်သွယ်ထားသော လမ်းများနှင့်နီးကပ်သည့် ကျေးလက်မြို့ကြီးများ ပတ်ဝန်းကျင်တွင် အခြားနယ်များထက် ဈေးကွက်နှင့် အလုပ်အကိုင်ဟူသော ဆွဲဆောင်အားပို၍ခိုင်မာသည်။ ယင်းတို့သည် နိုင်ငံအတွင်း၌ လျှပ်ရှားတက်ကြွဆုံးဖြစ်ပြီး လုပ်ကွက်ငယ်လယ်သမားများနှင့် မြေယာမဲ့အိမ်ထောင်စုများ ကို လယ်ယာကဏ္ဍတွင်ရော

စိုက်ပျိုးရေးအခြေခံလုပ်ငန်းအသေးစားများသို့ပါ တက်လှမ်းနိုင်ရန်နှင့် လယ်ယာပြင်ပ အလုပ်အကိုင်များရှိရာသို့ ထွက်ခွာနိုင်ရန် အခွင့်အလမ်းများကို ကျယ်ပြန့်စွာ ပေးအပ်နေသည်။

လွန်ခဲ့သော ၁၀နှစ်အတွင်း စပ်မျိုးပြောင်းဖူး၊ ကြံ၊ ရော်ဘာ၊ ကော်ဖီ စသည့် တန်ဖိုးကွင်းဆက်အသစ်များ တိုးပွား လာခဲ့သည်။ စိုက်စရိတ်အတွက် အတိုးကြီးကြီးဖြင့်ငွေချေးမယူရသည့် လယ်သမားများမှာ ဤသီးနှံများကို စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးလာကြသည်။ ပုဂ္ဂလိကကဏ္ဍသည်လည်း သိသိသာသာ ရင်းနှီးမြှုပ်နှံကာ ကန်ထရိုက် လယ်သမားများသို့ နည်းပညာနှင့် သွင်းအားစုများကို ပေးသွင်းခဲ့ကြသည်။ ကုမ္ပဏီကြီးများက ရင်းနှီးမြှုပ်နှံရန် လုပ်ကွက်များရှာဖွေနေသလို ဒေသခံရင်းနှီးမြှုပ်နှံမှုကိုအခြေပြုသည့် လုပ်ငန်းငယ်များကလည်း သယ်ယူပို့ဆောင်ရေး၊ ကုန်သွယ်ရေး၊ ထုတ်လုပ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာဝန်ဆောင်မှုများစသည့် လုပ်ငန်းတို့ကို ဆောင်ရွက်နေကြသည်။ လုပ်ကွက်ငယ်လယ်ယာလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုများကြောင့် ရှမ်းပြည်နယ်သည် ကျန်တစ်ပြည်လုံးထက် စက်မှုလယ်ယာဖော်ဆောင်မှုတွင် ပိုမိုလျင်မြန်လျက် ရှိသည်။ ထို့ပြင် လယ်သမားများရော လယ်သမားမဟုတ် သူများပါရရှိနိုင်မည့် စီးပွားရေးဆောင်ရွက်မှုအမျိုးမျိုး ပေါ်ပေါက် နိုင်စွမ်းရှိနေသည့်အပြင် လုပ်ကွက်ငယ် လယ်သမားများနှင့် မြေမဲ့ယာမဲ့များသည်လည်း အခွင့်အလမ်းသစ်များကို အထူးသဖြင့် အတိုးနှုန်းသက်သာသော ချေးငွေများဖြင့် ရယူနိုင်စွမ်းလည်း ရှိနေသည်။

ဤအပြောင်းအလဲများသည် ထိခိုက်လွယ်မှုပိုများသော အိမ်ထောင်စုများအတွက် အရေးကြီးသော စိန်ခေါ်မှုများလည်း ဖြစ်နေသည်။ ယင်းတို့သည် သွင်းအားစုများအတွက် အတိုးနှုန်းကြီးသောချေးငွေများကို မှီခိုနေရသည်။ တောင်စောင်းများ တွင် တိုးချဲ့စိုက်ပျိုးနေကြပြီး စနစ်တကျမြေဆီလွှာထိန်းသိမ်းမှုလည်း မရှိသည့်အပြင် တိရစ္ဆာန်မွေးမြူရေးလည်း မရှိကြ သောကြောင့် သဘာဝမြေသြဇာလည်း မရရှိကြပေ။ မကြာခဏဆိုသလို မမျှတသော ကန်ထရိုက်လယ်ယာလုပ်ငန်းကို လက်ခံရရှိလေ့ရှိကြပြီး ယင်းတို့၏ အခြေခံအရင်းအမြစ်များ ဖြစ်သော ရေ၊ မြေ၊ သစ်တောစသည်တို့ကိုလည်း အကြိတ်အနယ် ယှဉ်ပြိုင်ရမှုနှင့် စရိတ်စကကြီးမားမှုကြောင့် ဆုံးရှုံးရလေ့ရှိသည်။

ဤစီမံကိန်းသည် စီးပွားရေးအရယှဉ်ပြိုင်နိုင်စွမ်းရှိပြီး မျှတသောသယံဇာတခွဲဝေမှုကို ဖြစ်ပေါ်စေကာ အမျိုးသမီးများကိုလည်း ပိုမိုပါဝင်စေသည့်အပြင် ချေးငွေ ၊မမျှတသောဈေးကွက်တို့ကို လယ်သမားများက မှီခိုနေရသည်ကိုလည်း လျှော့ချနိုင်မည့် လယ်ယာစိုက်ပျိုးနည်းများကို ဝါဒဖြန့်ချီပေးမည်ဖြစ်သည်။ တန်ဖိုးကွင်းဆက်နည်းလမ်း ဖြင့်လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍ နှင့်တက်ကြွစွာထိတွေ့ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း လယ်ယာအိမ်ထောင်စုများကို လယ်ယာလုပ်ငန်းတွင်ရော လယ်ယာပြင်ပတွင်ပါ စီးပွားရေးအခွင့်အလမ်းများနှင့် ထိတွေ့စေမည် ဖြစ် သည်။ လယ်သမားအဖွဲ့အစည်းများ ထူထောင်ရန်၊ စိုက်ပျိုးရေးဝန်ဆောင်မှုများ၊ ပိုကောင်းသော ကန်ထရိုက် လုပ်ငန်းများကိုလက်လှမ်းမီရန် ကူညီမည်ဖြစ်သည်။ ကျေးရွာလူထု များကို ရည်မှန်းမည်မဟုတ်ဘဲ  တန်ဖိုးကွင်း ဆက်အတွင်းတွင် လုပ်ကိုင်နေကြသည့် ကုန်ထုတ်လုပ်သူများနှင့် စီးပွားရေး သမားများကို ရည်မှန်းမည်ဖြစ်သည်။ ဤစီမံကိန်းသည် အမျိုးသမီးများနှင့် လုပ်ကွက်ငယ်လယ်သမားများ မြေယာလုပ်ပိုင်ခွင့် အာမခံချက်ရှိရေး၊ လယ်ယာပြင်ပကဏ္ဍတွင် အလုပ်အကိုင်ပိုမိုဖန်တီးနိုင်ရေး၊ ရွှေ့ပြောင်းသွားလာရေး စသည်တို့အတွက် နည်းလမ်းများကို စဉ်းစားမည်ဖြစ်သည်။

LIFTက ရင်းနှီးမြှုပ်နှံမည့် အဓိကစီးပွားရေးလမ်းကြောင်းများမှာ _

- မြောက်ပိုင်းရှမ်းပြည်နယ်။ ပြင်ဦးလွင် - လားရှိုး - မူဆယ် တစ်ကြော
- တောင်ပိုင်းရှမ်းပြည်နယ်နှင့် ကယားပြည်နယ်။ ကလော - တောင်ကြီး - လွိုင်ကော် ကြိဂံ
- ကရင်။ ဘားအံ - မြဝတီ တကြော
- မြောက်ပိုင်းချင်းပြည်နယ်။ ဟားခါး - တီးတိန် - ကလေး တစ်ကြော

မြောက်ပိုင်းချင်းပြည်နယ်သည် ရှမ်းပြည်နယ်လောက် လှုပ်ရှားတက်ကြွမှုမရှိသော်လည်း စိုက်ပျိုးရေးစနစ် များသည်လည်း ပြောင်းလဲနေပြီး အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံမြေပြန့်ဒေသများသို့ ဦးတည်သော ဈေးကွက်များ ပိုမိုဖြစ်ထွန်းလျက်ရှိသည်။ ကျေးရွာအခြေပြုလုပ်ငန်းဆောင်ရွက်မှုမှပြင်ပရှိ နည်းလမ်းများကို ရှာဖွေကြရန် မိတ်ဖက်များကို တိုက်တွန်းလိုပါသည်။

## ကဏ္ဍအလိုက် အစိတ်အပိုင်း ၇ ခု

ကဏ္ဍအလိုက်အစိတ်အပိုင်း (လုပ်ငန်းဆောင်ရွက်မှုအမျိုးအစား) ၇ခုကို စီမံချက်ဒီဇိုင်းရေးဆွဲရေးနှင့် ရွေးချယ်ရေးတို့တွင် လမ်းညွှန်အဖြစ်သုံးစွဲရန်ဖော်ပြထားသည် _

(၁) ကျေးလက် ငွေကြေးဝန်ဆောင်မှု

(၂) လယ်ယာအကြံပေး ဝန်ဆောင်မှုများနှင့် ကုန်ထုတ်လုပ်သူအုပ်စုများ

(၃) တန်းတူညီမျှသော ရေရှည်ခံသည့် သဘာဝသယံဇာတစီမံခန့်ခွဲမှု

(၄) လယ်ယာပြင်ပအလုပ်အကိုင်၊ အသက်မွေးမှုအခွင့်အလမ်းသစ်များ၊ ဘေးကင်းစိတ်ချရသောရွှေ့ပြောင်းသွားလာရေး အခွင့်အလမ်းများ

(၅) အဟာရဆိုင်ရာ

(၆) လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် စုပေါင်း/ပြည်သူ့ဝန်ဆောင်မှုများသို့ လက်လှမ်းမီမှု

(၇) ဆင်းရဲနွမ်းပါးသူများအကျိုးဖြစ်ထွန်းမည့်မူဝါဒ ဆွေးနွေးလှုံ့ဆော်ခြင်း၊ အထောက်အထားအခြေပြုသင်ယူမှု၊ CSOများစွမ်းဆောင်ရည် တည်ဆောက်ခြင်း

စီမံကိန်းအစိတ်အပိုင်းအားလုံးတွင် စီမံချက်ဆောင်ရွက်မှုအားလုံးက ထောက်ပံ့ရမည့် အဓိကအကျိုးတစ်ခုစီ ပါရှိသည်။

### အစိတ်အပိုင်း ၁။ ကျေးလက် ငွေကြေးဝန်ဆောင်မှု

***အကျိုးရလဒ်။ လုပ်ကွက်ငယ်လယ်သမားများနှင့် မြေယာမဲ့များ အတိုးနှုန်းသက်သာသော ငွေကြေးဝန်ဆောင် မှုများကို ပိုမိုလက်လှမ်းမီလာသည်။***

ကျေးလက်ဒေသငွေကြေးဝန်ဆောင်မှုသို့ လက်လှမ်းမီရေးကိစ္စကို ငွေကြေးဆိုင်ရာတွင်အားလုံးပါဝင်စေမှု စီမံကိန်းဖြင့် သီးခြားဆောင်ရွက်မည်ဖြစ်သည်။ ယင်းစီမံကိန်းသည် လက်ရှိငွေကြေးအဖွဲ့အစည်းများကို ရေရှည်တည်တံ့ရန်၊ ဝယ်လိုအားရှိသော ငွေကြေးဝန်ဆောင်မှုအမျိုးမျိုးကို တိုးချဲ့နိုင်စေရန်၊ ဈေးကွက်အစိတ်အပိုင်းအမျိုးမျိုးကို ဝန်ဆောင်မှု ပေးနိုင်စေရန် ဦးတည်ထောက်ပံ့မည်ဖြစ်သည်။ ယင်းသည် ကျေးလက်လူထုကို MFIများ၊ ကုန်သွယ်မှုဘဏ်များ မှတစ်ဆင့် ငွေကြေးရင်းနှီးမြှုပ်နှံမှုအမျိုးမျိုး ဆောင်ရွက်မှုအမျိုးမျိုးဖြင့် ထောက်ပံ့မည်ဖြစ်သည်(အသေးစိတ်ကို www.lift-fund.org/financial-inclusion တွင်ကြည့်ပါ) _

လက်ရှိ ဆင်းရဲနွမ်းပါးသူများအကျိုးပြု ငွေကြေးဝန်ဆောင်မှုများကို တိုးချဲ့ခြင်း

- စိုက်ပျိုးရေးနှင့် အခြားစီးပွားရေးလုပ်ငန်းငယ်များအတွက် ရင်းနှီးထောက်ပံ့ပေးခြင်း(ထုတ်လုပ်ခြင်းအပါအဝင်)
- ငွေစုဆောင်းရန်စည်းရုံးခြင်း

- အသေးစားငွေရေးကြေးရေးလုပ်ငန်းများနှင့် ပုဂ္ဂလိကဘဏ်များ၏ ငွေကြေးဝန်ဆောင်မှုများ ရေရှည်တည်တံ့ရန် အထောက်အကူပေးခြင်း
- တစ်စိတ်တစ်ပိုင်းဆုံးရှုံးမှုအာမခံရန်ပုံငွေ (PRGF)

ဤအစိတ်အပိုင်း၁ကို ငွေကြေးဆိုင်ရာတွင်အားလုံးပါဝင်စေရေးအတွက် အဆိုပြုလွှာများကို ခေါ်ယူခြင်းဖြင့် ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ခဲ့ပြီးဖြစ်သည်။

**အစိတ်အပိုင်း ၂။ လယ်ယာအကြံပေးဝန်ဆောင်မှုနှင့် ကုန်ထုတ်လုပ်သူအုပ်စုများ**

***အကျိုးရလဒ်။ လယ်ယာအကြံပေးဝန်ဆောင်မှုများ၊ ကုန်ထုတ်လုပ်သူအုပ်စုများကို ထူထောင်ခြင်းနှင့် တန်ဖိုးကွင်းဆက်မှ အခွင့်အလမ်းများပိုမိုရရှိခြင်းကြောင့် လုပ်ကွယ်ငယ်လယ်သမားများသည် သီးနှံအထွက်နှုန်းတိုးလာပြီး ဝင်ငွေကောင်းလာကြသည်။***

ဤအစိတ်အပိုင်းသည် လုပ်ကွက်ငယ်လယ်သမားများကို ဦးတည်ဆောင်ရွက်မည်ဖြစ်သည်။ လုပ်ကွက်ငယ်လယ်သမားများကို တက်လှမ်းနိုင်ရန်အတွက် ထောက်ပံ့ရန်ရည်ရွယ်သည်။ ယင်းတို့သည် သီးနှံအထွက်တိုးရေးအတွက် အခွင့်အလမ်းသစ်များကိုရှာဖွေနိုင်ပြီး ဝင်ငွေတိုးကာ ရိက္ခာများကိုလည်းအမည်စုံအောင် စားသောက်နိုင်မည်ဖြစ်သည်။ ဤအခွင့်အလမ်းများသည် နောက်ခံအခြေအနေ၊ သဘာဝပတ်ဝန်းကျင်၊ ဒေသခံဈေးကွက် အပြောင်းအလဲကိုမူတည်၍ အကြီးအကျယ်ကွဲပြားနိုင်သည်။ အဆိုပြုလွှာတင်သွင်းသူများသည် ရည်မှန်းချက်နယ်မြေ၏ လက်ရှိ စိုက်ပျိုးရေးနည်းစနစ်များ၊ တန်ဖိုးကွင်းဆက်အတွက် အခက်အခဲများ၊ စိုက်ပျိုးရေးဆိုင်ရာ ဆောင်ရွက်မှုများကို ဖော်ထုတ်နိုင်ရန်၊ စိုက်ပျိုးရေးနည်းစနစ်များကို သေချာစွာပိုင်းခြားသုံးသပ်ရန် တိုက်တွန်းလိုသည်။

ဤအစိတ်အပိုင်းသည် ကျေးလက်အိမ်ထောင်စုများ ဝင်ငွေတိုးတက်ခြင်းနှင့် ကျေးလက်အိမ်ထောင်စုများ၏ ကြံ့ကြံ့ခံနိုင်စွမ်း တိုးတက်ခြင်းဟူသော LIFT၏ မြင့်မားသောအကျိုးရလဒ်ကို တိုက်ရိုက်အထောက်အကူပြုမည်ဟု မျှော်လင့် သည်။

- **စိုက်ပျိုးရေးတိုးချဲ့ခြင်းနှင့် လယ်ယာအကြံပေးဝန်ဆောင်မှုများ**

ဤအစိတ်အပိုင်းသည် လယ်သမားများနှင့် အသေးစားစိုက်ပျိုးရေးအခြေခံစီးပွားရေးသမားများကို သီးနှံအထွက်တိုးတက်စေမည့်၊ ထုတ်လုပ်မှုအဆုံးရှုံးကိုလျှော့ချနိုင်မည့်၊ ရိတ်သိမ်းချိန်လွန်အလေအလွင့်များကို လျှော့ချနိုင်မည့် နည်းပညာနှင့် လယ်ယာစနစ် များကို လည်းကောင်း၊ တန်ဖိုးကွင်းဆက်အခွင့်အလမ်းများကို လည်းကောင်း၊ မြေဆီလွှာထိန်းသိမ်းရေးနှင့် ရေစီမံခန့်ခွဲရေး ဆိုင်ရာ နည်းပညာအကြံဉာဏ်သစ်များကိုလည်းကောင်း ပေးအပ်ထောက်ပံ့မည် ဖြစ်သည်။

အဆိုပြုလွှာတင်သွင်းသူများသည် သတ်မှတ်ထားသည့်နည်းပညာများထက် ကျော်လွန်ပြီး ဆောင်ရွက်ချက်များကို ရေးဆွဲရန်၊ ဒေသခံအခြေအနေနှင့် ကိုက်ညီမည့်၊ ကျင့်သုံးနိုင်မည့်၊ ရေရှည်တည်တံ့နိုင်မည့်နည်းစနစ်များကို စဉ်းစားသုံးသပ်ကြရန် တိုက်တွန်းလိုသည်။ အထူးသဖြင့် အဆင့်တူသူအချင်းချင်းသင်ယူမှုနှင့် ဝယ်လိုအားရှိသော ဝန်ဆောင်မှုဆိုင်ရာတို့တွင် ဖြစ်သည်။ ရည်ရွယ်ချက်မှာ လယ်သမားများအား လယ်ယာစီမံမှုနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များ၊ နည်းပညာအသစ်များ တွင် ရင်းနှီးမြှုပ်နှံခြင်းကြောင့် ဖြစ်လာနိုင်သော ဆုံးရှုံးမှုများစသည်တို့ကို စဉ်းစားဆင်ခြင်ဆုံးဖြတ်နိုင်စွမ်း တိုးမြှင့်ပေးရန် ဖြစ်သည်။ ခိုင်လုံသော စီးပွားရေးဆိုင်ရာသုံးသပ်ချက်များ စီမံခြင်းများတို့ဖြင့် ဆုံးဖြတ်ချက်ချမှတ်ရမည် ဖြစ်သည်။ အချို့သောသီးနှံများ အတွက် သာမက လယ်ယာလုပ်ငန်းတစ်ခုလုံး၏ အခြေအနေနှင့် အိမ်ထောင်စုများ၏ငွေကြေး စီမံခန့်ခွဲနိုင်မှုတို့ကိုပါ ထည့်သွင်း စဉ်းစား၍ လုပ်ငန်းဆောင်ရွက်ရမည်။

စီမံချက်တိုးချဲ့ရာတွင် အစိုးရနှင့် ပုဂ္ဂလိကလယ်ယာအကြံပေးဝန်ဆောင်မှုများကို စည်းရုံးသင့်သည်။ ထို့ပြင် အထွက်တိုးစေရန် သေချာစေသည့် ရာသီဥတုနှင့်လိုက်လျောသည့် စိုက်ပျိုးရေးနည်းများကို အစိုးရဝန်ထမ်းများနှင့် သွင်းအားစုထောက်ပံ့သူတို့ နားလည်သိရှိအောင် စွမ်းဆောင်ရည် တည်ဆောက်ပေးသင့်သည်။

ဤအစိတ်အပိုင်းသည် မြေဆီလွှာနှင့်ရေထိန်းသိမ်းမှုကို ကောင်းမွန်စေမည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများနှင့် လုပ်နည်းကိုင်နည်းများကိုလည်း ဖြစ်ထွန်းအောင်လှုံ့ဆော်ပေးမည်။ ယင်းနည်းပညာတို့သည် ရာသီဥတုနှင့်ကိုက်ညီပြီး အာဟာရပြည့်ဝရေးအတွက် ဂရုပြုရမည်ဖြစ်ပြီး ရေရှည်တည်တံ့ရမည်လည်း ဖြစ်သည်။ လယ်ယာ စနစ်များကိုကောင်းမွန်စွာ စီမံခန့်ခွဲခြင်းဖြင့် မြေဆီလွှာတိုက်စားခြင်းနှင့် အနည်ကျခြင်းတို့ကို လျော့ပါးစေမည့် အစီအမံများကို စတင်ဆောင်ရွက်မည် ဖြစ်သည်။ ယင်းလုပ်ငန်းစဉ်တွင် ဥပမာအားဖြင့် သီးနှံအလှည့်ကျ စိုက်ပျိုးခြင်း၊ သီးထပ်သီးညှပ်စိုက်ပျိုးခြင်း၊ သဘာဝ မြေဆွေးပြုလုပ်ခြင်း၊ နိုက်ထရိုဂျင်ဓာတ်ကို ထိန်းသိမ်းပေးသော သီးနှံစိုက်ပျိုးခြင်းတို့ပါဝင်သည်။

- **အဆင့်မီသွင်းအားစုများ၊ အသေးစားလယ်ယာသုံးစက်ကိရိယာများ၊ သိုလှောင်ရေးနှင့် ထုတ်လုပ်ရေးဆိုင်ရာ ကိရိယာများကို လက်လှမ်းမီခြင်း**

တိုးချဲ့ဝန်ဆောင်မှုများသည် လယ်ယာနှင့်ထုတ်လုပ်မှုဆိုင်ရာ နည်းပညာအသစ်များ (ဥပမာ- မှန်လုံအိမ်များ၊ ရာသီဥတုနှင့်ကိုက်ညီသော ရေပေးစနစ်များ၊ အသေးစားလယ်ယာသုံး စက်ကိရိယာများ၊ ကြိတ်ခွဲထုပ်ပိုးရေးစနစ်များ) စသည်တို့ကို ဈေးငွေထောက်ပံ့သူများ၊ သွင်းအားစု ထောက်ပံ့သူများ၊ လုပ်ကွက်ငယ်လယ်သမားများ၊ စိုက်ပျိုးစီးပွား ဆောင်ရွက်သူများ၊ အစိုးရတို့နှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အရေးပါလှသည်။ ဤနည်းပညာများကို LIFT၏ ငွေကြေးဆိုင်ရာတွင်အားလုံးပါဝင်စေရေးစီမံကိန်းမှတစ်ဆင့် ငွေကြေးထောက်ပံ့ပေးနိုင်သည်။

အကြံပေးဝန်ဆောင်မှု ဈေးငွေရရှိမှုတို့သာမက သီးသန့်ထောက်ပံ့မှုများကိုလည်း လုပ်ကိုင်နိုင်စွမ်းရှိသော သီးခြား ရည်မှန်းအုပ်စုများကို ပေးအပ်ရန်စဉ်းစားမည်။ သို့မဟုတ်ပါက ယင်းအုပ်စုများသည် လုပ်ငန်းသစ်များကို စတင် နိုင်ကြမည် မဟုတ်ပေ။ ယင်းအထောက်အပံ့တွင် သွင်းအားစုအသစ်များ၊ လွယ်ကူပြီးဈေးမကြီးသည့်အပြင် အလေ အလွင့်လျော့ပါးစေပြီး သယ်ပိုးစရိတ်ကိုလျှော့ချသည့် ရိတ်သိမ်းချိန်လွန်ဆိုင်ရာ၊ သိုလှောင်ရေးနှင့် ကြိတ်ခွဲရေး ဆိုင်ရာ၊ အသေးစားလယ်ယာသုံးစက်ကိရိယာများကို အသုံးပြုခြင်းဖြင့် သီးနှံများကို တန်ဖိုးတိုးမြှင့်စေမည့် အထောက်အကူများလည်း ပါဝင်နိုင်သည်။

တရားဝင်ငွေကြေးဝန်ဆောင်မှုများသည် အရပ်ဘက်လယ်သမားအဖွဲ့အစည်းများမှတစ်ဆင့် ဈေးငွေများကို ရေရှည် ပေးအပ်နေခြင်း သို့မဟုတ် ရည်မှန်းနယ်မြေတွင် တရားဝင်အသိအမှတ်ပြုအဖွဲ့အစည်းများမှတစ်ဆင့် လက်ရှိ ဈေးငွေပေးအပ်နေမှုမရှိခြင်းကလွဲ၍ ဤအဆိုပြုလွှာတွင် တရားဝင်ငွေကြေးဝန်ဆောင်မှုများ မပါဝင်ပါ။

- **သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းစနစ်များကိုထောက်ပံ့ခြင်း၊ နှစ်ရှည်သီးပင်များ၏ တန်ဖိုးကွင်းဆက်**

တောင်တန်းဒေသ၏ပတ်ဝန်းကျင်အနေအထားအမျိုးမျိုးကြောင့် ထုတ်ကုန်အသစ်များ တန်ဖိုးကွင်းဆက်များကို ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်သည့် အခွင့်အရေးအမျိုးမျိုးရှိနေသည်။ ယင်းတို့တွင် စိုက်ပျိုးရေး၊ သစ်တောနှင့် စီးပွားရေး လုပ်ငန်းများပါဝင်သည်။ လယ်သမားများ၊ အသေးစားနှင့်အလတ်စားစီးပွားရေးသမားများက ရိက္ခာဖူလုံမှု၊ ဈေးကွက် လိုအပ်ချက်၊ သဘာဝပတ်ဝန်းကျင်အခြေအနေတို့ကို ဖြည့်ဆည်းပေးနိုင်မည့်အပြင် တောင်တန်းဒေသစိုက်ပျိုးရေးစနစ် နှင့်လည်း ကိုက်ညီသော တန်ဖိုးမြင့်သီးနှံများ၊ မျိုးများ၊ စီးပွားရေးထုတ်ကုန် သီးခြားဈေးကွက်ရှိထုတ်ကုန်စသည့် ထုတ်ကုန်အမျိုးမျိုးကို ထုတ်လုပ်ခြင်း၊ ဈေးကွက်တင်ပို့ခြင်းစသည်တို့ကို ဤစီမံကိန်းက ဖြစ်ထွန်းအောင်လုပ်ဆောင်မည်။ ထိုထုတ်ကုန်များတွင် ဝဥ၊ ဖာလာ၊ ကော်ဖီ၊ စပျစ်၊ ပျားရည်၊ လက်ဖက်၊ ဓာတ်စာများ၊ ဆေးဖက်ဝင်အမွှေးဆီများ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ သစ်စေး၊ အလှဆင်အပင်များ၊ သစ်ခွစိုက်ပျိုးခြင်းစသည်တို့ ပါဝင်နိုင်သည်။ ဝါးများကို

ရပ်ရွာကစိုက်ပျိုးပြီး ရင်းနှီးမြှုပ်နှံသူတို့က အသုံးအဆောင် များအဖြစ် ထုတ်လုပ်ပေးလျှင်လည်း ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းမှုနှင့် သယံဇာတထိန်းသိမ်း မှုကို ဖြစ်စေနိုင်သည်။ ပုဂ္ဂလိကကဏ္ဍကို နောက်ဆုံးဈေးကွက်၏ အကြောင်းကိုသိရှိအောင် ချိတ်ဆက်ပေး ခြင်းသည် အောင်မြင်မှုအတွက် အခြေခံဖြစ်သည်။

ဤစီမံကိန်းသည် စီးပွားရေးအလားအလာရှိပြီး ပုဂ္ဂလိကကဏ္ဍက ပါဝင်ဆောင်ရွက်မှုခိုင်မာသည့် လက်ရှိထုတ်ကုန်များ စီးပွားရေးကွင်းဆက်များကို ဦးစားပေးဆောင်ရွက်မည်။

- **စီးပွားရေးအရအောင်မြင်သော ထုတ်လုပ်သူအုပ်စုများကို ဖွဲ့စည်းပုံဆိုင်ရာအထောက်အပံ့ပေးခြင်း**

ဈေးကွက်အခွင့်အလမ်းများကို လက်လှမ်းမီစေရန်နှင့် တန်ဖိုးကွင်းဆက်၏အခက်အခဲများကို ဖြေရှင်းရန်အတွက် မိမိအဖွဲ့ဝင်များကိုဝန်ဆောင်မှုပေးသည့် ကုန်ထုတ်စွမ်းအားရှိသည့် အကျိုးတူအုပ်စုများကို ဖန်တီးပေးရန် လိုအပ်နိုင်သည်။ ထိုဝန်ဆောင်မှုများတွင် ကန်ထရိုက်လယ်ယာ၊ အသိပညာပေးတိုးချဲ့ခြင်းနှင့် သတင်းအချက်အလက်မျှဝေခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်ခြင်း၊ ထုတ်ကုန်များကို သိုလှောင်ခြင်း၊ကြိတ်ခွဲထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ အရည်အသွေးအာမခံခြင်း၊ အသေးစားငွေကြေးဝန်ဆောင်မှုများ စသည်တို့ ပါဝင်နိုင်သည်။ ဤစီမံကိန်းသည် ခိုင်မာသော စီးပွားရေးပုံစံကိုအခြေပြုကာ တည်ထောင်ထားပြီးလျှင် မိမိတို့၏လိုအပ်ချက်များကို ရှင်းရှင်းလင်းလင်းသုံးသပ်ထားသော ထုတ်လုပ်သူအဖွဲ့ဟောင်း/သစ်များကို ဖွဲ့စည်းပုံဆိုင်ရာနှင့် ငွေကြေး ဆိုင်ရာတို့တွင် ထောက်ပံ့ရန် စဉ်းစားမည်။ နောက်ခံအခြေအနေ၊ ချောင်ကျမှု၊ ဈေးကွက်သို့ရောက်ရှိနိုင်မှုတို့ကို မူတည်၍ ယင်းတို့သည် ရပ်ရွာကိုအခြေခံသောအုပ်စု ဖြစ်နိုင်သကဲ့သို့ တန်ဖိုးကွင်းဆက်တစ်ခုခု၏ အကျိုးတူ အုပ်စုလည်း ဖြစ်နိုင်သည်။ ဤအုပ်စုများ၏ ဖွဲ့စည်းပုံ (သမဝါယမများ၊ တရားမဝင်အုပ်စု၊ စီးပွားရေးလုပ်ငန်း)မှာ နောက်ခံအခြေအနေနှင့် လုပ်ငန်းရည်ရွယ်ချက်ကိုလိုက်၍ ကွဲပြားနိုင်သည်။

- **အားလုံးပါဝင်စေသော စီးပွားရေးစီမံချက်ရေးဆွဲခြင်း၊ ဈေးကွက်တင်ခြင်း၊ ကန်ထရိုက်လုပ်ငန်း ဆောင်ရွက်ခြင်း**

ဤအစိတ်အပိုင်းသည် လယ်သမားများကို ပုဂ္ဂလိကကဏ္ဍနှင့်ညှိနှိုင်းဆောင်ရွက်ရာတွင်လည်း အထောက်အကူပြုနိုင်မည် ဖြစ်သည်။ လက်ရှိဈေးကွက်များကို ထောက်ခံအားပေးနေသော စွမ်းအားရှိသည့်လုပ်ငန်းများကိုလည်း အသိအမှတ်ပြုပါသည်။ ရည်ရွယ်ချက်မှာ တောင်တန်းဒေသရှိ လုပ်ကွက်ငယ်လယ်သမားများ ဈေးကွက်ကို ပိုမိုလက်လှမ်းမီစေရန်နှင့် ဈေးကွက် ဆိုင်ရာအခြေအနေ ပိုမိုကောင်းမွန်စေရန် ဖြစ်သည်။ ဤသို့ ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေနွမ်းပါးသူများသည် ဈေးကွက်များနှင့် တန်ဖိုးကွင်းဆက်များမှ အကျိုးပိုမိုရရှိစေမည်။ လုပ်ကွက်ငယ် လယ်သမားများနှင့် ယင်းတို့၏ ကုန်ထုတ်လုပ်သူအုပ်စုများ၏ ဈေးခေါ်နိုင်စွမ်းတိုးတက်မည်ဖြစ်သည်။ ထို့ပြင် ထုတ်ကုန်အရည်အသွေးကိုလည်း ပိုမိုကောင်းမွန် စေမည်ဖြစ်သည်။ ဤသို့ဆောင်ရွက်ရာတွင် အောက်ပါတို့လည်း ပါဝင်နိုင်သည် _

- ကန်ထရိုက်လယ်ယာလုပ်ငန်းအတွက် သဘောတူစာချုပ်များချုပ်ဆိုနိုင်ရန် ဆောင်ရွက်ပေးခြင်း၊
- သီးနှံတန်ဖိုးကွင်းဆက်နှင့် ဈေးကွက်တို့ကို သုံးသပ်ပေးခြင်း၊
- ကြားတဆင့်ခံအဖွဲ့၏အသိအမှတ်ပြုခြင်းကို အစားထိုးနိုင်မည့် သင့်လျော်သည့် ဒေသခံအသိအမှတ်ပြုခြင်းများ၊ ကုန်အမှတ်တံဆိပ်သတ်မှတ်ခြင်းများ၊ အသိအမှတ်ပြုအစီအစဉ်ကို ထူထောင်ခြင်း သို့မဟုတ် အားလုံးပါဝင်သည့် အာမခံမှုစနစ်များအား ရပ်ရွာကိုအခြေခံကာ ကုန်ကျစရိတ် သက်သာစွာ ဆောင်ရွက်ပေးခြင်း၊
- မဟာမိတ်တည်ဆောက်ခြင်း (ဥပမာ - လယ်သမားများ၊ ကုန်သည်များ၊ ကြိတ်ခွဲသူများ၊ စိုက်ပျိုးရေးလုပ်ငန်း ရှင်များ အချင်းချင်းဖြစ်စေ၊ အခြားသူများနှင့်ဖြစ်စေ)ဖြင့် အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို ထောက်ခံအားပေးသည့် တန်ဖိုးကွင်းဆက်တွင်ပါဝင်သူများကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ပညာပေးခြင်း၊

- လုပ်ကွက်ငယ်လယ်သမားများနှင့် ဒေသခံအသေးစား အလတ်စားလုပ်ငန်းရှင်များကို ဈေးကွက်တင်နိုင်စွမ်း တည်ဆောက်ပေးခြင်း၊
- ထွက်ကုန်များကို စုဝေးခြင်း/စုဆောင်းခြင်းပြုလုပ်နိုင်မည့် လယ်သမားဈေးကွက်များ၊ ကုန်စည်ဒိုင်များ တည်ထောင်ပေးခြင်းနှင့် စီးပွားရေးအရတွက်ခြေကိုက်အောင် ဆောင်ရွက်ခြင်း၊

## အစိတ်အပိုင်း ၃။ တန်းတူညီမျှမှုရှိသော ရေရှည်ခံသည့် သဘာဝသယံဇာတစီမံခန့်ခွဲမှု

***အကျိုးရလဒ်။ ကျေးလက်အိမ်ထောင်စုများသည် ဒေသခံသယံဇာတများကို တန်းတူညီမျှ လက်လှမ်းမီလာကြပြီး ရေရှည်အသုံးပြုနိုင်ခြင်းကြောင့် ပို၍ခံနိုင်စွမ်းရှိလာကြသည်။***

***အကျိုးရလဒ်။ အမျိုးသမီးများသည် သယံဇာတစီမံခန့်ခွဲမှုဆိုင်ရာ အဆုံးအဖြတ်ချမှတ်ရေးလုပ်ငန်းစဉ်တွင် ပါဝင်လာကြပြီး မြေယာကိုလည်းတန်းတူညီမျှ လက်လှမ်းမီလာကြသည်။***

မြေယာ၊ ရေ၊ သစ်တောနှင့် အခြားသယံဇာတများကို လက်လှမ်းမီခြင်းသည် တောင်တန်းဒေသအိမ်ထောင်စုများ၏ ရပ်ရွာတွင်းရိက္ခာဖူလုံမှု၊ ခံနိုင်စွမ်းရှိမှု၊ စီးပွားဖြစ်နိုင်စွမ်းရှိမှုတို့၏အခြေခံပင်ဖြစ်သည်။ ရွှေ့ပြောင်းတောင်ယာ အတွက်ဖြစ်စေ၊ တောတွင်းမှအစားအသောက်များ၊ သစ်တောထွက်ပစ္စည်းများ စုဆောင်းရန်အတွက်ဖြစ်စေ၊ ရေဝေရေလဲဒေသထိန်းသိမ်းရေး အတွက်ဖြစ်စေ သစ်တောများသည် တောင်တန်းဒေသ စိုက်ပျိုးရေး-ဂေဟစနစ် တွင် အထူးအရေးပါသည်။ တောင်တန်းဒေသ နေရာများစွာတွင် သစ်တောများသည် ထိခိုက်ခံနေရပြီး ဒေသခံများမှာလည်း ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ မရှင်းလင်းသော ကြောင့် ရေရှည်အကျိုးရှိစေမည့် စီမံခန့်ခွဲမှုများကို မဆောင် ရွက်နိုင်ကြပေ။ ထို့ပြင် သယံဇာတနှင့်မြေယာလုပ်ပိုင်ခွင့်တို့ကို ဥပဒေအရ ရရှိထားတိုင်းလည်း ယင်းသယံဇာတ နှင့်မြေယာမှ စီးပွားရေးအကျိုးအမြတ်ရရှိရန် အာမခံချက်မရှိပေ။ သို့မဟုတ် လယ်သမားများမှာ ထိုသို့ ဆောင်ရွက်နိုင်စွမ်းမရှိကြပေ။ လုပ်ကွက်ငယ်လယ်သမားများနှင့် ဒေသခံလူထုတို့သယံဇာတများကို လက်လှမ်းမီခွင့် အာမခံချက်ရှိရန်နှင့် ယင်းသယံဇာတတို့ကို တန်ဖိုးတက်လာစေရန်၊ ရင်းနှီးမြှုပ်နှံနိုင်ရန်၊ ရေရှည်စီမံခန့်ခွဲနိုင်ရန် ယင်းတို့ကို စွမ်းဆောင်ရည်မြှင့်တင်ပေးရန် ထောက်ပံ့မည်ဖြစ်သည်။

ဤစီမံကိန်းတစ်ခုလုံးတွင် ကျားမရေးရာသည် ပင်တိုင်အကြောင်းအရာတစ်ခုဖြစ်ပြီး ဤအစိတ်အပိုင်းတွင် သဘာဝသယံဇာတ စီမံခန့်ခွဲရာ၌ အမျိုးသမီးများပါဝင်စေရေးကို အာမခံချက်ရှိစေမည့် သီးခြားရလဒ်တစ်ခုကို ပြဋ္ဌာန်းထားသည်။

ဤအစိတ်အပိုင်းသည် ကျေးလက်နေအိမ်ထောင်စုများနှင့် ရပ်ရွာလူထုတို့၏ခံနိုင်စွမ်းကိုတိုးမြှင့်ရန်ဟူသော LIFT၏ မြင့်မားသောအကျိုးရလဒ်ကို အဓိကအထောက်အပံ့ပြုမည် ဖြစ်သည်။ စီမံချက်ကာလအတွင်း တိုင်းတာနိုင်မည်မဟုတ်သော ရေရှည်ဝင်ငွေတိုးတက်မှုကိုလည်း ဖြစ်ပေါ်စေနိုင်မည်ဖြစ်သည်။

မြင်သာသော စိုက်ပျိုးရေးဂေဟစနစ်ပျက်စီးမှုများတွင် မြေဆီလွှာတိုက်စားခြင်း၊ မြေသြဇာယုတ်လျော့ခြင်းနှင့် သစ်တောပြုန်းတီးခြင်း တို့ ပါဝင်သည်။ ထိုသို့ဖြစ်ရခြင်းမှာ ရာသီဥတုပြောင်းလဲခြင်းကြောင့် ပိုမိုဆိုးရွားသွားသော သဘာဝအကြောင်းရင်းများ (တောင်တန်းဒေသများတွင် မြေသြဇာယုတ်လျော့ခြင်း၊ ရေကြီးမှု၊ မိုးခေါင်မှုတို့ အဖြစ်များလာ ပြီး ပြင်းထန်လာခြင်း)တို့အပြင် လူသားအကြောင်းရင်းများ (မြေအသုံးချမှုနှင့် စီမံခန့်ခွဲမှုအားနည်းခြင်း၊ လူဦးရေအပြောင်းအလဲ၊ သစ်ခုတ်ခြင်း၊ ထင်းခွေခြင်း၊ မြေယာလုပ်ပိုင်ခွင့်မရှိခြင်း)တို့ကြောင့် ဖြစ်သည်။ လတ်တလော ဖြစ်ပေါ်နေသည့် စိုက်ပျိုးရေးနှင့် သစ်တောလုပ်ငန်းများမှ ဝင်ငွေတိုးတက်မှုသည်လည်း လူတိုင်းထံသို့ ရောက်မလာသည့်အပြင် လယ်ယာလုပ်ငန်းက မှီခိုနေရသော သယံဇာတများပျက်စီးဆုံးရှုံးခံရပြီးမှ လုပ်ကွက်ငယ်လယ်သမားတို့ ကုန်ကျမှုများရှိပြီးမှ ထိုသို့ရရှိခြင်းလည်း ဖြစ်သည်။

တောင်တန်းဒေသလယ်သမားများ၏ အသက်မွေးမှုများ၊ ဒေသန္တရဗဟုသုတများ၊ ရေရှည်ခံပြီးအောင်မြင်သည့် သယံဇာတ စီမံခန့်ခွဲမှုများကို အသိအမှတ်ပြုရန် အရေးကြီးသည်။ အစဉ်အလာမြေယာလုပ်ပိုင်ခွင့်စနစ်နှင့် မြေယာအဆင့်အတန်း မကျဆင်းအောင် သုံးစွဲသူတို့၏လုပ်ပိုင်ခွင့်ကို အသိအမှတ်ပြုရန် အရေးကြီးသည်။ မိမိတို့အနီးအနားရှိ သယံဇာတများကို စုပေါင်းပိုင်ဆိုင်ခွင့်တည်ဆောက်ပေးရန်လည်း လိုအပ်သည်။ သို့မှသာ ရွာသားများသည် ရေရှည်တည်တံ့မည့် သယံဇာတ စီမံခန့်ခွဲမှုကို လုပ်လိုစိတ်ရှိလာမည်ဖြစ်သည်။ သစ်တောလုပ်ငန်းကို တိုးတက်စေခြင်း၊ မြေယာလုပ်ပိုင်ခွင့်နှင့် ဒေသခံလူထုတို့ ၏လုပ်ပိုင်ခွင့်ကို ကာကွယ်ခြင်း၊ မြေယာပျက်စီးမှုကို လျှော့ ချခြင်း၊ ရေဝေရေလဲဒေသစီမံခန့်ခွဲမှုကို ကောင်းမွန်စေခြင်း၊ ရာသီဥတုပြောင်းလဲမှုဒဏ်ကို လျှော့ချခြင်း၊ ရေရှည် တည်တံ့နိုင်မှုနှင့် အသက်မွေးမှုတို့ကို တောင်တန်းဒေသ စိုက်ပျိုးဂေဟ ဗေဒစနစ်မှ အကျိုးပြုပေးနိုင်အောင် ဆောင်ရွက်မှုများလည်း ဤစီမံကိန်းတွင် ပါဝင်နိုင်သည်။

- **အကျိုးတူဆောင်ရွက်သူပေါင်းစုံပါဝင်သည့် မြေအသုံးချမှုစီမံချက်ရေးဆွဲခြင်းနှင့် စီမံခန့်ခွဲမှု**

ကဏ္ဍပေါင်းစုံနှင့် အကျိုးတူဆောင်ရွက်သူပေါင်းစုံ ပါဝင်သော မြေအသုံးချမှုစီမံချက်ရေးဆွဲခြင်းသည် တာရှည်ခံသော သယံဇာတခွဲဝေသုံးစွဲမှုဖြစ်ပေါ်စေရေးတွင် အရေးပါသည်။ ယင်းတို့တွင် အစဉ်အလာအရ မြေယာပိုင်ဆိုင်မှု တောင်းဆိုချက် များ၊ ရေဝေရေလဲဒေသကာကွယ်ခြင်းနှင့် တောင်တန်းဒေသသယံဇာတများကို တန်းတူညီမျှ ပွင့်လင်းမြင်သာစွာသုံးစွဲခြင်းတို့ ပါဝင်သည်။ ဤဆောင်ရွက်မှုသည် ရေဝေရေလဲဒေသ စီမံခန့်ခွဲခြင်း၊ ရာသီဥတု အပြောင်းအလဲဒဏ်ကို ခံနိုင်ခြင်း၊ ရေရှည်ခံသော လူမှုစီးပွားဖွံ့ဖြိုးရေးတို့ကို ဒေသအုပ်ချုပ်ရေးပိုင်း၊ ရပ်ရွာလူထု၊ စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍများ၊ နည်းပညာဆိုင်ရာ အဖွဲ့အစည်းတို့က ပူးပေါင်းဆောင်ရွက်နိုင်ရန် စီစဉ်ပေးမည် ဖြစ်သည်။

ယင်းတွင် ဒေသခံအစီအမံများဖြစ်သော ရာသီဥတုအပြောင်းအလဲဒဏ်ကို ထိခိုက်မခံနိုင်မှုဆန်းစစ်ခြင်းနှင့် မြေယာနှင့် ရေဆိုင်ရာဆုံးဖြတ်ချက်များ၊ သဘာဝပတ်ဝန်းကျင် နှင့်ရေဝေရေလဲစီမံချက်များ အကောင်အထည်ဖော်မှု စသည်တို့ကို အထောက်အပံ့ပြုမည့် စွမ်းဆောင်ရည်တည်ဆောက်ခြင်းများလည်း ပါဝင်နိုင်သည်။ ဤစီမံကိန်းသည် စိုက်ပျိုးစီးပွားရေး လုပ်ငန်းများကို မိတ်ဖက်ပြုလုပ်နိုင်ရန်လည်း ဆောင်ရွက်ပေးမည်ဖြစ်သည်။ ထိရောက်မှု ရှိရန်အတွက် ဤစီမံချက်တို့ကို ထိရောက်သောဥပဒေမူဘောင်တစ်ခုက ကျောထောက်နောက်ခံပြုရမည်ဖြစ်ရာ ယင်းကို ရေးဆွဲနေဆဲဖြစ်သည်။ ဤစီမံကိန်း သည် စီမံကိန်းကာလအတွင်းတွင် ပြဋ္ဌာန်းမည့် မြေယာအသုံးချရေး မူဝါဒအသစ်အရ စီမံချက်ရေးဆွဲမှုလုပ်ငန်းစဉ်များကို ရှေ့ပြေးဆောင်ရွက်ရန် ထောက်ပံ့မည်ဖြစ်သည်။ ယင်းသည် ဖြစ်နိုင်စွမ်းရှိ/မရှိကို အထောက်အထား ရရှိစေမည်ဖြစ်ပြီး အနာဂတ်မြေယာဥပဒေများအတွက် သတင်းအချက် အလက်များကိုလည်း ပေးအပ်မည် ဖြစ်သည်။

- **အများပိုင်သစ်တောလုပ်ငန်း**

အများပိုင်သစ်တောဆိုင်ရာညွှန်ကြားချက် (၁၉၉၅)သည် သစ်တောများကို ပူးတွဲစီမံခန့်ခွဲနိုင်စေရန်အတွက် ရပ်ရွာလူထုသို့ သစ်တောအသုံးပြုသူအုပ်စုများထူထောင်ခွင့်ကို ဥပဒေအရ ကျောထောက်နောက်ခံပြုပေးနေသည်။ လက်ရှိကျေးရွာသစ်တော မူဝါဒသုံးသပ်ချက်သည် ဈေးကွက်အလားအလာရှိမည့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းစနစ်များကို ယင်းအုပ်စုများက အသုံးပြုနိုင်ရန် ထောက်ခံထားသည်။ ရေရှည်တည်တံ့သော သစ်တောဥယျာဉ်၊ သီးနှံသစ်တော်ရေနောစိုက်ပျိုးခြင်းစနစ်သည် မြေယာပျက်စီးမှုကို လျှော့နည်းစေခြင်း၊ ရေအရင်းအမြစ်များကို ထိန်းသိမ်းခြင်း၊ မိသားစုတို့၏ ဝင်ငွေနှင့်အာဟာရကို တိုးပွားစေခြင်းတို့ကို ဖြစ်ပေါ်စေမည် ဖြစ်သည်။ ဤစနစ်သည် နှစ်ရှည်နှင့်နှစ်စဉ် သီးနှံအမျိုးမျိုး၊ ဆေးဖက်ဝင်အပင်များ၊ သစ်မာများကို ထုတ်လုပ်မည်ဖြစ်သည်။ သစ်ပင်ကြီးများကို အဓိကစိုက်ပျိုးသော သီးနှံသစ်တောရောနှောစိုက်ပျိုးမှုသည် မြေဆီလွှာကို အမြဲတမ်းဖုံးအုပ်ပေးမည့်အပြင် သီးနှံအမျိုးအမည်များပြားမှုကိုလည်း ဖြစ်ပေါ်စေနိုင်မည်။

ဤစီမံကိန်းသည် အများပိုင်သစ်တောလုပ်ငန်းစီမံချက်ရေးဆွဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို ထောက်ပံ့မည်ဖြစ်ရာ အောက်ပါ လုပ်ငန်းများလည်းပါဝင်မည် _

- အားလုံးပါဝင်သော သစ်တောစီမံခန့်ခွဲမှုနှင့် စီးပွားရေးစီမံချက်ရေးဆွဲခြင်းတို့ကို ပြင်ဆင်ခြင်း၊
- သစ်တောပြန်လည်စိုက်ပျိုးခြင်း၊ ပုဂ္ဂလိကပိုင်မြေယာများရှိ အဆင့်နိမ့်နေသောသစ်တောများကို ပြန်လည် စည်ပင်ဖွံ့ဖြိုးအောင် ထောက်ပံ့နိုင်မည့် နည်းပညာများ၊
- ထင်းစိုက်ခင်းထူထောင်ခြင်းနှင့် ထင်းအသုံးပြုမှုလျော့နည်းစေမည့် အခြားလောင်စာများဖြစ်ထွန်းစေခြင်း၊
- သစ်သားမဟုတ်သော အခြားသစ်တောထွက်ကုန်များကို ရေရှည်အသုံးပြုနိုင်ရန် သယံဇာတသုံးစွဲမှုနှင့် ကာကွယ်မှုဆိုင်ရာ သဘောတူညီချက်များထူထောင်ခြင်း၊
- ကြိတ်ခွဲထုတ်လုပ်ခြင်းနှင့် ဈေးကွက်တင်ခြင်းအပါအဝင်ဖြစ်သော တန်ဖိုးကွင်းဆက်အထောက်အပံ့၊

- **တန်းတူညီမျှစိတ်ချရသော မြေယာလက်လှမ်းမီမှုနှင့် လုပ်ပိုင်ခွင့်များ**

ကျေးရွာသစ်တောနှင့် မြေအသုံးချမှုစီမံချက်ရေးဆွဲခြင်းသာမက လယ်သမားတို့အား မြေယာမဆုံးရှုံးအောင် ပိုမိုကာကွယ်ပေးရန် လိုအပ်သည်။ လုပ်ကွက်ငယ်လယ်သမားများ၊ ပြည်သူ့ကိုယ်စားလှယ်များ၊ လုပ်ဖော်ကိုင်ဖက်များ စသော အကျိုးတူဆောင်ရွက်သူများသည် မိမိ၏တို့ရပိုင်ခွင့်များကိုလည်းကောင်း၊ မိမိအသက်မွေးမှုဆိုင်ရာပစ္စည်းများကို မည်သို့ကာကွယ်ရမည်ကိုလည်းကောင်း ပိုမိုသိရှိရန်လိုအပ်သည်။ ဒေသဆိုင်ရာထုံးတမ်းဥပဒေကို တရားဝင် အသိအမှတ်ပြုရန်နှင့် အိမ်ထောင်စုများ၊ ရပ်ရွာများတို့၏ အသက်မွေးမှုအခြေခံများကို ကာကွယ်ရန် ဆောင်ရွက်မှုများကို ဤစီမံကိန်းက ထောက်ခံပါသည်။

ဤဆောင်ရွက်မှုတွင် မြေယာဆိုင်ရာရပိုင်ခွင့်များကို သိရှိရေးနှင့် မြေယာအသုံးပြုခွင့်လက်မှတ် ထုတ်ပေးရေးကို အထောက်အကူပြုမှုလည်း ပါဝင်နိုင်သည်။ ဤစီမံကိန်းသည် မိမိမြေယာမှဖယ်ရှားခံရသူ/ပြောင်းရွှေ့သွားရသူများ ကို လည်းကောင်း၊ IDPများ မြေယာလက်လှမ်းမီစေမှုတို့ကိုလည်းကောင်း အထောက်အကူပြုရန် အရေးကြီး ကြောင်း အသိအမှတ်ပြုပါသည်။

လက်ရှိမြေယာဥပဒေများနှင့် အစိုးရ၏ မြေယာမှတ်ပုံတင်ရေးလုပ်ထုံးလုပ်နည်းများတွင် အမျိုးသမီးတို့၏ မြေယာဆိုင်ရာ ရပိုင်ခွင့်များကို လိုအပ်သလောက် ဆင်ခြင်သုံးသပ်ခြင်းမရှိပါ။ ဤကဏ္ဍမှဆောင်ရွက်မည့် အစီအမံတိုင်းတွင် အမျိုးသမီးများ မြေယာလက်လှမ်းမီရေးနှင့် သယံဇာတစီမံခန့်ခွဲရေးဆိုင်ရာတွင် အဆုံးအဖြတ်ပြုခွင့်ရှိရေး တို့ကို ထောက်ခံသောစနစ်များကို တည်ဆောက်ရမည်ဖြစ်သည်။

ဤစီမံကိန်းသည် မြေယာအသုံးပြုမှုဝါဒအသစ်အရ ဆောင်ရွက်ရမည့် ဒေသဆိုင်ရာပြဿနာဖြေရှင်းရေး စနစ်များကို ရှေ့ပြေးဆောင်ရွက်ရန် စဉ်းစားမည်ဖြစ်သည်။ ဤဆောင်ရွက်ချက်သည် ဒေသခံအုပ်ချုပ်ရေးစနစ်များကို သီးခြားလွတ်လပ်ခွင့်နှင့် အားလုံးပါဝင်စေခွင့်ရရှိရန် ချိတ်ဆက်ကာ ထောက်ပံ့သွားသင့်သည်။

- **မြေယာနှင့်ရေအရင်းအမြစ်ဖွံ့ဖြိုးရေး**

ဤစီမံကိန်းသည် တောင်စောင်းများတွင် သစ်ဆွေးမြေချခြင်း၊ ခြံစည်းရိုးပင်တန်းများ စိုက်ခြင်း၊ ကန်သင်းရိုးများ၊ ဖို့ခြင်းစသည့် ပိုမိုကောင်းမွန်စွာ ထွန်ယက်စိုက်ပျိုးသည့်နည်းကို လှုံ့ဆော်မည်ဖြစ်သည်။ ယင်းသည် ကောင်းမွန်သော ရေအသုံးချမှုများ၊ အသေးစားရေလှောင်ကန်များ၊ ရေသွင်း-ရေထုတ်လုပ်ငန်းများ၊ လှေခါးထစ်လယ်ယာများ၊ ကွန်တိုစိုက်ပျိုးမှုများစသည့် နစ်ရှည်သီးထွက်ကောင်းစေသည့် မြေယာနှင့်ရေအရင်းအမြစ် ရေရှည် စီမံခန့်ခွဲ မှုတို့တွင် ရင်းနှီးမြှုပ်နှံရန်လည်း ထောက်ပံ့မည်ဖြစ်သည်။ ဤရင်းနှီးမြှုပ်နှံမှုများ၏ စီပွားရေးတွက်ခြေကိုက်မှုနှင့် ရေရှည်တည်တံ့မှုကိုလည်း မှတ်တမ်းတင်ထားမည်ဖြစ်သည်။

ဤလုပ်ငန်းများကို ထိန်းသိမ်းပြုပြင်ရာတွင် အလှူ ရှင်များ၊ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရတို့၏ ပါဝင်ဆောင်ရွက်မှုသည် အရေးပါမည် ဖြစ်သည်။

**အစိတ်အပိုင်း၄။လယ်ယာပြင်ပအလုပ်အကိုင်၊ အသက်မွေးဝမ်းကျောင်းမှုအခွင့်အလမ်းသစ်များ၊ ဘေးကင်းစိတ်ချရသော ရွှေ့ပြောင်းသွားလာမှု အခွင့်အလမ်းများ**

***အကျိုးရလဒ်။ လုပ်ကွက်ငယ်လယ်သမားများနှင့် မြေယာမဲ့အိမ်ထောင်စုများသည် ဒေသတွင်း ပြောင်းသွားလာခြင်းဖြင့် လယ်ယာပြင်ပ ဘေးကင်းသောအလုပ်အကိုင်ရရှိမှုများ၊ ကိုယ်ပိုင် အသေးစားလုပ်ငန်းများ၊ ဒေသတွင်း အသက်မွေးမှုအခွင့်အလမ်းသစ်များအားဖြင့် ၎င်းတို့၏ကျွမ်းကျင်မှုများနှင့် ဝင်ငွေများတိုးလာကြသည်။***

စိုက်ပျိုးရေးနှင့်သစ်တောကဏ္ဍတွင် ကုန်ထုတ်တိုးစေရန် ဆောင်ရွက်မှုအပြင် အခြားအလုပ်အကိုင်များနှင့် လယ်ယာပြင်ပ အလုပ်အကိုင်များသည်လည်း ဝမ်းစာဖူလုံရုံသာရှိသည့် အိမ်ထောင်စုများကို အရေးကြီးသော အလုပ်အကိုင်များ ရရှိစေနိုင်သည် လုံခြုံမှုရရှိစေနိုင်သည်သာမက အပိုဝင်ငွေများလည်း ရရှိစေနိုင်သည်ကို ဤစီမံကိန်းက အသိအမှတ်ပြု ပါသည်။ ဤအစိတ်အပိုင်းသည် ဆင်းရဲနွမ်းပါးသောလယ်သမားများ၊ မြေယာမဲ့ အိမ်ထောင်စုများ၊ ပျံကျအလုပ်သမားများကို "ထွက်ခွာ"နိုင်စွမ်းရှိစေရန်၊ ဝင်ငွေရလမ်းများတိုးပွားစေရန်အတွက် ထောက်ပံ့ရန်ရည်ရွယ်ပါသည်။ အလုပ်အကိုင်နှင့် အသေးစားစီးပွားရေးလုပ်ငန်းဆိုင်ရာ အခွင့်အလမ်းများမှာ ဈေးကွက်သို့လက်လှမ်းမီမှု လက်ရှိရွှေ့ပြောင်းသွားလာရေး လမ်းကြောင်းများ၏ အရေးပါမှုစသော သီးခြား အကြောင်းအရာများကိုမူတည်ကာ အမျိုးမျိုးရှိနိုင်သည်။ အဆိုပြုလွှာ တင်သွင်းသူများသည် ရည်မှန်းနယ်မြေ များတွင် တောင်းခံနေသော အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုများ (ဒေသခံနှင့်ပြင်ပ)၊ စီးပွားရေးနှင့် ဒေသခံအသက်မွေးမှုအခွင့်အလမ်းများတို့ကို သေချာစွာလေ့လာသုံးသပ်ရန် တိုက်တွန်းပါသည်။

ဤအစိတ်အပိုင်းသည် LIFT၏ အဆင့်မြင့်အကျိုးရလဒ်ဖြစ်သော ကျေးလက်နေအိမ်ထောင်စုများနှင့် ရပ်ရွာလူထု တို့၏ခံနိုင်စွမ်းကို တိုးမြှင့်ရန်ဟူသော LIFT၏အဆင့်မြင့်ရလဒ်ကို အဓိကအထောက်အပံ့ပြုမည်ဖြစ်သည်။

ရွှေ့ပြောင်းသွားလာခြင်းသည် တောင်တန်းဒေသအိမ်ထောင်စုများ၏ အဓိကအသက်မွေးမှုမဟာဗျူဟာ ဖြစ်နေ သည်မှာ များစွာကြာခဲ့ပြီဖြစ်သည်။ ဤအစိတ်အပိုင်းက ရည်ရွယ်သည်မှာ မြေမဲ့ယာမဲ့များကို ယင်းတို့၏ အခြေခံလိုအင်များကို ပိုမိုထောက်ပံ့နိုင်မည့် အခွင့်အလမ်းများကို ဖန်တီးပေးရန်နှင့် အချို့အသေးစား၊အလတ်စားစီးပွားရေးလုပ်ငန်းများသည် တောင်တန်းဒေသ၏ ကျွမ်းကျင်မှုအမျိုးမျိုးနှင့် နည်းပညာများကို ဆွဲဆောင်နိုင်စွမ်း၊ အသုံးပြုနိုင်စွမ်းရှိမရှိကို ဖော်ထုတ်ရန် ဖြစ်သည်။ ထို့ပြင် အမျိုးသမီးများသည်လည်း သင့်လျော်သော အသက်မွေးမှု အခွင့်အလမ်းများကို လက်လှမ်းမီရေးကိုလည်း ကိုင်တွယ်ဆောင်ရွက်ရမည်ဖြစ်သည်။

- **ကျွမ်းကျင်မှုသင်တန်းပေးခြင်းနှင့် အသေးစားစီးပွားရေးလုပ်ငန်းဖြစ်ထွန်းရေး**

ဈေးကွက်လိုအပ်မှု စမ်းသပ်ချက်ကိုမူတည်၍ ဤစီမံကိန်းသည် အလုပ်အမျိုးမျိုး(ဥပမာ-လက်သမား၊ ဆံသ၊ ဆောက်လုပ်ရေး နှင့် အခြားကုန်သွယ်လုပ်ငန်းများ)၊ အနုပညာနှင့် ရိုးရာအတတ်ပညာ(ဥပမာ-ယက်ကန်းရက်ခြင်း၊ နီး၊ ဝါးလက်မှုလုပ်ငန်းများ)၊ သဘာဝအခြေခံခရီးသွားလာမှုလုပ်ငန်းများတွင် ကျွမ်းကျင်မှုတည်ဆောက်ရေး၊ လေ့ကျင့်ရေးတို့ကို လက်လှမ်းမီအောင် ထောက်ပံ့မည်ဖြစ်သည်။ ယင်းသည် ဘေးကင်းစိတ်ချရသော ရွှေ့ပြောင်းသွားလာရေး အပါအဝင် အလုပ်အကိုင်နှင့် ဈေးကွက်လိုအပ်ချက်တို့နှင့် ကျွမ်းကျင်မှုများကို ချိတ်ဆက်ပေးရန် ကြိုးစားမည်ဖြစ်သည်။ ဤလုပ်ငန်းတွင် သင်ရိုးညွှန်းတမ်း များရေးဆွဲခြင်းနှင့် အသက်မွေးမှုပညာသင်တန်းကျောင်းများကို ထောက်ပံ့ခြင်းများ ပါဝင်နိုင်သည်။ ဒေသခံ တန်ဖိုးကွင်းဆက်များ (ဆိုလိုသည်မှာ ကျေးလက်ဒေသ၊ မြို့သစ်များ၊ မြို့ပြဖြစ်နိုင်သော ကျေးလက်ဒေသ)များကို အသက်ဝင်စေနိုင်သော လယ်ယာပြင်ပအလုပ်အကိုင်များ၊ ကျွမ်းကျင်မှုသင်တန်းများကို ဦးစားပေးမည်ဖြစ်သည်။

သို့သော်လည်း အသေးစားလယ်ယာသုံးစက်ကိရိယာများ၊ ကုန်သွယ်ခြင်း၊ ကြိတ်ခွဲထုတ်လုပ်ခြင်းစသော ဒေသခံစိုက်ပျိုးရေး ဝန်ဆောင်မှုများ ဖြစ်ထွန်းရေးကိုလည်း စဉ်းစားမည် ဖြစ်သည်။

ဤသင်တန်းများကြောင့် ကိုယ်ပိုင်အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါ်ပေါက်လာမည်ဖြစ်သည်။ သင်တန်းဆင်းများကို ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်ရန် ဤစီမံကိန်းက စီးပွားရေးလုပ်ငန်းစီမံချက်ရေးဆွဲခြင်း၊ ကျေးလက်ဒေသငွေကြေး ဝန်ဆောင်မှုများနှင့် ချိတ်ဆက်ပေးခြင်းတို့ကို ဆောင်ရွက်မည့်အပြင် လုပ်ငန်းအရင်းအနှီးများကိုလည်း အကြောင်းအားလျော်စွာ ထုတ်ပေးသွားနိုင်သည်။

- **စိတ်ချရပြီး အကျိုးဖြစ်ထွန်းစေသည့် ရွှေ့ပြောင်းရေးဆိုင်ရာ အခွင့်အလမ်းများ**

ဤစီမံကိန်းသည် လူများက မှန်ကန်စွာဆုံးဖြတ်နိုင်စေမည့် အလုပ်အကိုင်အလားအလာဆိုင်ရာနှင့် စိတ်ချစွာ ရွှေ့ပြောင်း သွားလာရေးဆိုင်ရာ သတင်းအချက်အလက်များ၊ ဝင်ငွေရှာနေစဉ် မိမိကိုယ်မိမိကာကွယ်နိုင်ရေးဆိုင်ရာ သတင်းအချက်အလက်များကို တိကျမှန်ကန်စွာရရှိရေးကို အလေးထားလျက် ပြည်တွင်းနှင့်ပြည်ပရွှေ့ပြောင်းသွားလာမှု များကိုထောက်ပံ့ရန် စဉ်းစားမည်ဖြစ်သည်။ ဤစီမံကိန်းတွင် မထွက်ခွာမီ သတင်းအချက်အလက်များနှင့် လုံခြုံဘေးကင်းစွာ ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ အကြံပေးဝန်ဆောင်မှုများလည်း ပါဝင်မည်ဖြစ်သည်။

- **ဒေသခံ အသက်မွေးမှုအခွင့်အလမ်းအမျိုးမျိုးကို ဖြစ်ပေါ်စေခြင်း**

ဤစီမံကိန်းသည် အထူးသဖြင့် မြေယာပိုင်ဆိုင်မှုနည်းပါးသော အိမ်ထောင်စုများနှင့်၊ ဒေသတွင်းရှိအသက်မွေးမှု အခွင့်အလမ်းသစ်များကို လက်လှမ်းမီခွင့်နည်းပါးသော အမျိုးသမီးများကိုလည်း ထောက်ပံ့မည်ဖြစ်သည်။ ဈေးကွက်အလားအလာကောင်း၍ မြေယာလိုအပ်ချက်နည်းပါးသော တိရစ္ဆာန်မွေးမြူရေး၊ အသေးစားငါးမွေးမြူရေး၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးရေး၊ စားသောက်ကုန်လုပ်ငန်းစသည့်တို့ကို ဦးစားပေးမည် ဖြစ်သည်။

ကျွဲမွေးပြုစုခြင်း၊ သန့်ရှင်းရေး၊ အစာကျွေးမွေးရေးတို့နှင့်သက်ဆိုင်သော အကြံဉာဏ်ကောင်းများရရှိပါက မွေးမြူရေးလုပ်ငန်း သည် မိသားစုဝင်ငွေနှင့် အာဟာရကို တိုးတက်စေမည့် နည်းလမ်းကောင်းတစ်ခုဖြစ်သည်။ ကွန်ရက်များတိုးချဲ့ခြင်းနှင့် ထုတ်လုပ်နိုင်စွမ်းရှိသော အကျိုးတူအုပ်စုများမှတစ်ဆင့် မွေးမြူရေးနှင့် အာဟာရဆိုင်ရာနည်းစနစ်များကို ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်သည်။ ဤစီမံကိန်းအတွင်းရှိ မွေးမြူရေးအကျိုးတူအုပ်စုများသည် ကျေးရွာအဆင့်ရှိ အသေးစားလုပ်ငန်းများနှင့် အနီးကပ်ပူးပေါင်း ဆောင်ရွက်ကြမည်ဟု မျှော်လင့်သည်။

တတ်နိုင်သမျှကျေးလက်ငွေကြေးဝန်ဆောင်မှုများမှတစ်ဆင့် ရင်းနှီးမြှုပ်နှံသင့်သည့်အပြင် ထိခိုက်ခံရလွယ်သော အိမ်ထောင်စုများက နည်းလမ်းသစ်များကို ကျင့်သုံးရာတွင် ကြုံတွေ့ရမည့် ဆုံးရှုံးမှုများကို လျော့ပါးစေရန်အတွက်သာ ထောက်ပံ့မှုများကို ပေးအပ်သင့်သည်။ လုပ်ငန်းများကို ထူထောင်ရာတွင် အကျိုးအမြတ်သုံးသပ်မှုနှင့် ဆုံးရှုံးမှု (ရောဂါကျရောက်ခြင်း၊ ဈေးနှုန်းအတက်အကျ စသည်)တို့ကို အခြေခံသင့်သည်။

**အစိတ်အပိုင်း၅။ အာဟာရဆိုင်ရာ**

---

***အကျိုးရလဒ်။ ကျေးလက်နေအိမ်ထောင်စုတို့သည် အာဟာရဆိုင်ရာရလဒ်များ တိုးတက်ကောင်းမွန်လာကြသည်။ (ကလေးသူငယ်များ သေးလှီမှုနှုန်း လျော့ကျသွားသည်။)***

အာဟာရဆိုင်ရာလုပ်ငန်းများကို ပေါင်းစည်းဆောင်ရွက်သည့် စီမံချက်များကိုအားပေးထောက်ခံပါသည်။ ဤအစိတ် အပိုင်းသည် ရေရှည်အာဟာရမပြည့်ဝမှု အထူးသဖြင့် ရက်၁၀၀၀ကာကာအတွင်းရှိ ကလေးသူငယ်များ၏ကြီးထွားနှန်းနေးမှုကို လျှော့ချရန် ရည်မှန်းပါသည် (scalingupnutrition.org, www.thousanddays.org) ။ LIFTသည်

လက်ရှိရပ်ရွာကျန်းမာရေးဝန်ဆောင်မှုများတွင် အာဟာရဆိုင်ရာအသိအမြင်တိုးပွားရေးကို ပေါင်းစပ်ရန်မျှော်မှန်းလျက်ရှိသည်။ လုပ်ဖေါ်ကိုင်ဖက်များကိုလည်း 3MDGရန်ပုံငွေနှင့်ပူးပေါင်းကာ ဤအကြောင်းအရာနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ရန် အကြံပြုပါသည်။ ထို့ပြင်IDPများ၏ ရေရှည်အာဟာရ လိုအပ်ချက်ကိုလည်း အထူးသဖြင့် ကလေးများသေးလှီမှုကို အဓိကထားကာ သတိပြုဆောင်ရွက်မည်ဖြစ်သည်။

ဤအစိတ်အပိုင်းသည် အမျိုးသမီးများ အမျိုးသားများ ကလေးများ အာဟာရတိုးတက်ခြင်းဟူသော LIFT ၏ အဆင့်မြင့်အကျိုးရလဒ်ကို တိုက်ရိုက်အထောက်အကူပြုမည်ဟု မျှော်လင့်သည်။

အမူအကျင့်ပြောင်းလဲရေးဆိုင်ရာ ထိတွေ့ဆက်ဆံမှုများကို ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ကလေးငယ်မိခင်များသို့ ဦးတည်ကာဆောင်ရွက်သင့်သည်။ [2]အားပေးတိုက်တွန်းသင့်သော အမူအကျင့်များမှာ မွေးစကလေးကို နို့ဦးရည်တိုက်ခြင်း၊ ၆လတိတိ မိခင်နို့ကိုသာတိုက်ကျွေးခြင်း အပါအဝင် နို့စို့ကလေးနှင့် ကလေးသူငယ်များ အစားအစာကျွေးမွေးမှုဆိုင်ရာ အခြားအလေ့အကျင့်များ၊ မိခင်များကို ကိုယ်ဝန်ဆောင်ချိန်၊ နို့တိုက်ကျွေးချိန်တို့တွင် သံဓာတ်နှင့် အခြားအာဟာရကြွယ်ဝသော အစားသောက်များကို ရွေးချယ်စားသောက်နိုင်ရန် ကူညီခြင်း၊ သန့်ရှင်းရေးဆိုင်ရာ အမူအကျင့်ကောင်းများ၊ မမွေးဖွားမီနှင့် မွေးဖွားပြီးနောက် ဆေးခန်းသို့ပြသခြင်း၊ ကလေးရောဂါများကို သေချာစွာကုသခြင်းစသော ကျန်းမာရေးဆိုင်ရာ အမူအကျင့်ကောင်းများတို့ ပါဝင်သည်။

အာဟာရဆိုင်ရာ အလေ့အကျင့်ကောင်းများကို ရေရှည်တွင် အထောက်အပံ့ပြုစေရန်အတွက် ကျန်းမာသော ကလေးများ၏ မိခင်တို့ကို နည်းပြများအဖြစ်လည်းကောင်း၊ လူထုကျန်းမာရေးလုပ်သားများကို သင်တန်းဆရာများအဖြစ် လည်းကောင်း၊ အခြားမိသားစုဝင်များ (အထူးသဖြင့်ယောက္ခမများ၊ အဖွားများ)ကို လည်းကောင်း စည်းရုံးတာဝန်ပေးအပ်နိုင်သည်။

- **ရေ၊မိလ္လာနှင့်သန့်ရှင်းရေး (WASH)**

WASH သည် ရေကြောင့်ဖြစ်ရသောရောဂါများနှင့် သန့်ရှင်းရေးစနစ် မကောင်းသောကြောင့် ဖြစ်ပေါ်ရသော အာဟာရနှင့် ငွေကြေးဆိုင်ရာ ထိခိုက်မှုများကို လျှော့ချရန်အတွက် မိသားစုသန့်ရှင်းရေးကို ကောင်းမွန်စေမည့် ထိရောက်သော ခေတ်မီနည်းစနစ်များဖြင့်လည်းကောင်း၊ အသေးစားရေပေးဝေရေးနှင့် သန့်ရှင်းရေးဆိုင်ရာ အခြေခံအဆောက်အအုံများဖြင့် လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်သည်။ ရေရှားသောကြောင့် အမျိုးသမီးများမှာ ရေသယ်ယူရသော ဝန်ထုပ်ဝန်ပိုးအပို ဖြစ်ပေါ်နေသည်။ သန့်ရှင်းသောရေရရှိခြင်းနှင့် အညစ်အကြေးစွန့်ပစ်မှုစနစ်ရရှိခြင်း တို့သည် နို့စို့ကလေးနှင့်ကလေးငယ်များ သေဆုံးမှုနှင့်ရောဂါဖြစ်မှု လျှော့ချရန်၊ အမျိုးသမီးများကိုယ်ဝန်ဆောင်စဉ် ကျန်းမာရေးကောင်းမွန်ရန်၊ ယင်းတို့၏ နို့စို့ကလေးများ မိသားစုများရိက္ခာဖူလုံရေးကို ပိုမိုဂရုစိုက်နိုင်ရန်တို့အတွက် အဓိကကျသည်။

အညစ်အကြေးစွန့်ပစ်ရေးနှင့်ပတ်သက်၍ ကျောင်းများ၊ လူထုသတင်းဖြန့်ချိရေးလှုပ်ရှားမှုများ၊ အမျိုးသမီးအုပ်စုများ ကျေးရွာကျန်းမာရေးကော်မတီများမှတစ်ဆင့် အသိပေးနိုင်သည်။ လဟာပြင်တွင် အညစ်အကြေးစွန့်ပစ်မှုကို လုံးဝပပျောက်စေရန် ရပ်ရွာလူထုကို စည်းရုံးဆောင်ရွက်မည်ဖြစ်သည်။

ရေနှင့် သန့်ရှင်းရေးဆိုင်ရာ အခြေခံအဆောက်အအုံများ(ဥပမာ-ယင်လုံအိမ်သာများ၊ ရေတွင်းပတ်လည် သမံတလင်းအခင်းများ၊ အသေးစားရေပေးရေးစနစ်များ)ကို သက်ဆိုင်ရာအစိုးရဌာနများနှင့် ပူးပေါင်းစီမံဆောင်ရွက်သင့်ပြီး ယင်းတွင် ရေအရည်အသွေး စောင့်ကြပ်ကြည့်ရှုခြင်းကိုလည်း ပါဝင်စေရမည်ဖြစ်သည်။

---

[2] မိခင်များသို့ငွေကြေးထောက်ပံ့ခြင်းသည် အာဟာရဆိုင်ရာအသိအမြင် အတိုင်း ဆောင်ရွက်ရန် မက်လုံးပေးခြင်းဟု ယူဆနိုင် သည်။

- **အာဟာရပြည့်ဝသည့် အိမ်ခြံဝင်းဟင်းသီးဟင်းရွက်စိုက်ခင်းနှစ်ပတ်လည်စိုက်ပျိုးမှု**

ဤအစိတ်အပိုင်းတွင် အိမ်ခြံတွင်းစိုက်ခင်းများ၊တောင်ယာဉယျာဉ်များတွင် အာဟာရပြည့်ဝသောသီးနှံများကို စိုက်ပျိုးကာ အိမ်ထောင်စုရိက္ခာဖူလုံရန်၊ အာဟာရနှင့် ကျန်မာရေးကောင်းမွန်စေရန် ဆောင်ရွက်မှုများပါဝင်သည်။ နှစ်ရှည်ပင် များနှင့် ရာသီအသီးအနှံအမျိုးမျိုးကို အိမ်ခြံဟင်းခင်းများတွင် ရောနှောစိုက်ပျိုးခြင်းသည် တောင်တန်းဒေသ အိမ်ထောင်စုများအတွက် အာဟာရပြည့်ဝသော သီးနှံများကို ထုတ်လုပ်နိုင်သည့် စိတ်ချရသောနည်းလမ်း ဖြစ် သည်။ အစာရေစာရှားပါးသောအချိန်တွင် အိမ်ထောင်စုများအတွက် သက်စောင့်ပိုက်ကွန်အဖြစ်လည်း အသုံးချ နိုင်သည်။

**အစိတ်အပိုင်း၆။ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့်စုပေါင်း/ပြည်သူ့ဝန်ဆောင်မှုများသို့လက်လှမ်းမီမှု။**

***အကျိုးရလဒ်။ ကျေးလက်နေအိမ်ထောင်စုများသည် ဖိအားများနှင့် ပြင်းထန်သောသက်ရောက်မှုများအပေါ် ခံနိုင်ရည်ရှိလာသည်။***

ဤအစိတ်အပိုင်းသည် ဆင်းရဲနွမ်းပါးသောအိမ်ထောင်စုများကို ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရန်၊ ပေါင်းစည်းရန်၊ အကျိုးကျေးဇူးခံစားရန်နှင့် လက်ရှိအစိုးရဝန်ဆောင်မှုများကို ပိုမိုလက်လှမ်းမီစေရန် ထောက်ပံ့ရန် ရည်ရွယ်သည်။ ဤအထောက်အပံ့သည် အထိခိုက်ခံရအလွယ်ဆုံးသော အိမ်ထောင်စုများကို ထိရောက်သော စုပေါင်း လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များကို အသုံးပြု၍ ပြင်းထန်သောသက်ရောက်မှုနှင့် ဖိစီးမှုများကို ပိုမိုခံနိုင်ရည်ရှိ အောင် ကူညီမည်ဖြစ်သည်။ ဤကိစ္စအတွက် အစဉ်အလာအရ ဆောင်ရွက်ခဲ့သောရပ်ရွာလူမှုကာကွယ်ရေး အဆောက်အအုံများ၏ လွှမ်းခြုံမှု၊ အရွယ်အစား၊ တာရှည်ခံမှုတို့တွင် ပိုမိုတိုးတက်လာရန် ဆောင်ရွက်ရမည် ဖြစ်သည်။ အထူးသဖြင့် IDPများကို လက်ခံထားသောရပ်ရွာများနှင့် ပေါင်းစည်းရေး ထောက်ပံ့ရေးနှင့် သက်ဆိုင်သော ကိစ္စရပ်များ၊ ထိခိုက်ခံရလွယ်သော လူအုပ်စုများကို ပိုမိုပါဝင်လာစေရေးတို့ကို စဉ်းစားမည် ဖြစ်သည်။ SPPRGက LIFT အတွက် ပြုစုပေးသော "ထိခိုက်လွယ်မှုနှင့် ခံနိုင်မှုဆိုင်ရာ ဖော်ထုတ်ရေးနည်းနာများ" ကို(www.lift-fund.org/best-practices/'leave-no-one-behind'-using-umbrella-model-map-vulnerability )သုံးစွဲ၍ ပြုစုထားသော တိကျသည့် ထိခိုက်လွယ်မှုဆိုင်ရာအကဲဖြတ်ချက်ကို အခြေခံကာ လုပ်ငန်းဆောင်ရွက်သင့်သည်။ ဤအစိတ်အပိုင်းသည် ဆင်းရဲနွမ်းပါးသော ကျေးလက်အိမ်ထောင်စုများခံနိုင်စွမ်း တိုးတက်ခြင်းဟူသော LIFT ၏ အဆင့်မြင့်အကျိုးရလဒ်ကို တိုက်ရိုက်အထောက်အကူပြုမည်ဟု မျှော်လင့်သည်။

- **လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုရေးသက်စောင့်ပိုက်ကွန်များ**

ရွာအများစုတွင် အစဉ်အလာအတိုင်း လူမှုကာကွယ်စောင့်ရှောက်ရေး အဆောက်အအုံများ သို့မဟုတ် ဒေသခံ CBO များက ထူထောင်ထားသော ရပ်ရွာလူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များ ရှိကြသည်၊ သို့မဟုတ် နှစ်ခုစလုံး ရှိကြသည်။ (ရွာဘုံစပါးကျီများ၊ ကျောင်းသားများကို ရပ်ရွာမှစုပေါင်းထောက်ပံ့ခြင်း၊ ကျေးရွာကခန့်သော ကျောင်းဆရာများ၊ နာရေးဝန်ဆောင်မှုများ၊ ချို့ငဲ့သူအိမ်ထောင်စုများအတွက် လည်ပတ်စီးဆင်းရန်ပုံငွေများအထိ အမျိုးမျိုးရှိကြသည်။) လူမှုကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများတွင် ပါဝင်နေသော ဒေသခံCBOများကို လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ တိုးတက်မှုများ၊ တိုးချဲ့မှုများ၊ စွမ်းရည်တည်ဆောက်မှုများဖြင့် ထောက်ပံ့ပေးရန်ဖြစ်သည်။

အစားအသောက် အာဟာရနှင့် အခြားအခြေခံလိုအပ်ချက်များရရှိစေရန် အထိခိုက်ခံရအလွယ်ဆုံးသူများကို ကူညီရန်အတွက် လုပ်ဆောင်ချက်များကို စီစဉ်ရမည်ဖြစ်သည်။ ကျေးရွာတွင် အချို့တဲ့ဆုံး ထိခိုက်အလွယ်ဆုံးသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေသော စွမ်းဆောင်ရည် တည်ဆောက်ပေးနေသော လက်ရှိရပ်ရွာစနစ်များ သာမက (ဥပမာ-မျိုးစေ့ဘဏ်များ၊ လည်ပတ်စီးဆင်းရန်ပုံငွေများ၊ ကျေးလက်ငွေစုငွေချေးအသင်းများ၊ ရပ်ရွာအရေးပေါ်ရန်ပုံငွေများ)စသည့် စနစ်သစ်များကို ထောက်ပံ့ခြင်းလည်း ပါဝင်မည်ဖြစ်သည်။

တောင်တန်းဒေသရှိ လယ်သမားများနှင့် အိမ်ထောင်စုများ၏ အကြွေးတင်မှုမှာ အချို့နေရာများတွင် အထူးဆိုးရွား နေကြောင်း ကိုယ်တွေ့တင်ပြချက်များရှိနေသဖြင့် လူမှုရေးသက်စောင့်ပိုက်ကွန်လုပ်ငန်းများ ဆောင်ရွက်မည့် နေရာများတွင် အကြွေးတင်မှုများနှင့်ပတ်သက်၍ ပိုမိုတိကျစွာစုံစမ်းထောက်လှမ်းရန် လိုအပ်မည်ဖြစ်သည်။ ဤစီမံကိန်းသည် လုပ်ကွက်ငယ် လယ်သမားများ၏ ကြွေးမြီများဖြေရှင်းရန် ပြန်လည်စီစဉ်ပေးနိုင်မည့်အလားအလာကို စဉ်းစားမည်ဖြစ်သည်။

- **နေရပ်စွန့်ခွာရွှေ့ပြောင်းခဲ့ရသော လူထုအတွက် ပြန်လည်ထူထောင်ရေးအထောက်အပံ့**

ကယ်ဆယ်ရေးစခန်းများနှင့် အခြားရပ်ရွာများတွင် နေထိုင်ကြသော IDP များကို စီမံကိန်းခွဲ၁ ဖြင့် အထောက်အကူပြုမည် ဖြစ်သည်။ ထို့ပြင် ပြန်လည်နေရာချထားရေးနှင့် သက်ဆိုင်သည့် ရေရှည်အသက်မွေးမှုလိုအပ်ချက်များကိုလည်း ထောက်ပံ့ နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဤအစီအစဉ်သည် ရေတိုလူသားချင်းစာနာမှုအကူအညီများနှင့် ရေရှည်ပြန်လည် ထူထောင်ရေး လုပ်ငန်းများကြားတွင် ပေါင်းကူးအဖြစ် ဆောင်ရွက်ရန်ရည်ရွယ်သည်။ ဤစီမံကိန်းတွင် ရေတိုလူသားချင်းစာနာမှုအကူအညီ မပါဝင်သော်လည်း စောစောပိုင်း ပြန်လည်ထူထောင်မှုဆောင်ရွက်ချက် များနှင့် ရေရှည်ဖွံ့ဖြိုးရေးဆောင်ရွက်ချက်တို့၏ အကူးအပြောင်းမှာ ပြတ်သားခြင်းမရှိပါ။ အခြားအစိတ်အပိုင်း များတွင် ထည့်သွင်းစဉ်းစားမထားသော သို့မဟုတ် လူသားချင်း စာနာမှုဆိုင်ရာ အကူအညီပေးသူများက ကိုင်တွယ် ခြင်းမရှိသော အသက်မွေးမှုလုပ်ငန်းများ ပြန်လည်ထူထောင်ရေး အထောက်အပံ့များကို ဆောင်ရွက်နိုင်ခွင့်လည်း ရှိနိုင်သည်။

- **ဒေသန္တရအုပ်ချုပ်ရေးနှင့်ကျေးရွာစီမံချက်ရေးဆွဲခြင်း**

လောလောဆယ်ပြုပြင်ပြောင်းလဲမှုများကြောင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးပိုင်းများ၏ တရားဝင်မှုမှာ ပိုမိုကောင်းမွန်လာခဲ့ပြီး ဒေသန္တရကော်မတီများကို ထူထောင်နိုင်ခဲ့သည်။ (မြေယာစီမံခန့်ခွဲမှုကော်မတီ၊ ကျေးရွာအုပ်စုဖွံ့ဖြိုးရေး အထောက်အကူပြု ကော်မတီစသည်)တို့ကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် လူထုပါဝင်ဆောင်ရွက်ခွင့်နှင့် အစိုးရဝန်ဆောင်မှုများတွင် ထိတွေ့ဆောင်ရွက်ခွင့်များ ပေါ်ထွန်းလာသည်။ ပဋိပက္ခမှထမြောက်လာသော နေရာ များတွင် အပစ်အခတ်ရပ်စဲရေးကြောင့် CSOများသည် လူထု၏နေ့စဉ်ဘဝနှင့် ပတ်သက်ဆက်နွယ်နေသူများကို ညှိနှိုင်းပေးရာတွင် ထပ်မံဆောင်ရွက်နိုင်ပြီဖြစ်သည်။ ဤတောင်တန်းဒေသစီမံကိန်းသည် ဒေသနှင့်ကိုက်ညီသော ထိရောက်သည့် ပူးပေါင်းပါဝင်အုပ်ချုပ်ရေးပုံစံသစ်များ၊ ဒေသလိုအပ်ချက်ကို ကျေးရွာအဆင့်တွင်ပင် ဖော်ပြနိုင် သည့် ပူးပေါင်းဆောင်ရွက်မှုများကို ထူထောင်ခြင်း၊ အဆင်းရဲဆုံးနှင့် ထိခိုက်လွယ်ဆုံးသူများထံသို့ ဝန်ဆောင်မှုများ ပိုမိုပေးအပ်ခြင်းတို့ကို ဖြစ်ထွန်းအောင်ဆောင်ရွက်မည်။

ပူးပေါင်းပါဝင်ကာ ဆုံးဖြတ်ချက်ချမှတ်ခြင်း ဖြစ်ပေါ်ထွန်းစေရန်အတွက် ဤစီမံကိန်းသည် ပတ်သက်ဆက်နွယ်သူပေါင်းစုံ ဆက်သွယ်ခြင်းနှင့် ဆွေးနွေးတိုင်ပင်ခြင်းကိုလည်းကောင်း၊ ဒေသန္တရဆင်းရဲမှုလျော့ပါးရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးမှု စီမံချက်များ ရေးဆွဲရာတွင် အမျိုးသမီးများ၊ မြေမဲ့ယာမဲ့များ၊ IDPများ ပါဝင်ဆောင်ရွက်ရေးကို လည်းကောင်း ဖြစ်ထွန်းအောင် ဤစီမံကိန်းက ဆောင်ရွက်မည်ဖြစ်သည်။

ဤစီမံကိန်းသည် ကျေးရွာများနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးပိုင်းများ၊ အစိုးရဝန်ဆောင်မှုများကို ပိုမိုချိတ်ဆက်ပေးမည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များကို ထောက်ပံ့မည်ဖြစ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတွင် မြို့နယ်နှင့် နိုင်ငံတော်အဆင့် စီမံချက်ရေးဆွဲရာတွင် သတင်းအချက်အလက်ပေးအပ်နိုင်မည့် ကျေးလက်စီမံချက်ရေးဆွဲခြင်း အစီအစဉ်တစ်ခု ရှိသည်။ မိတ်ဖက်များသည် မိမိတို့၏လုပ်ငန်းများကို ဤဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်သည်။

ဤစီမံကိန်းသည် ကျေးရွာကော်မတီများ၊ ခေါင်းဆောင်များ၊ အစိုးရဝန်ထမ်းများကို ဒေသန္တရ ဖွံ့ဖြိုးရေးလုပ်ငန်း စဉ်များ၊ ပူးပေါင်းပါဝင်သည့် အုပ်ချုပ်မှု၊ ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုများ၊ စီမံချက်စီမံခန့်ခွဲမှု စသည်တို့တွင် စွမ်းဆောင်ရည်ရှိလာအောင် တည်ဆောက်ပေးမည်ဖြစ်သည်။

**အစိတ်အပိုင်း ၇။ ဆင်းရဲသားနွမ်းပါးသူများ အကျိုးဖြစ်ထွန်းစေသော မူဝါဒဆွေးနွေးအကြံပြုခြင်း၊ အထောက်အထားအခြေပြုလေ့လာသင်ယူခြင်းနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSO) စွမ်းဆောင်ရည်တည်ဆောက်ခြင်း**

***အကျိုးရလဒ်။ အစိုးရ၏ မူဝါဒများ ကောင်းမွန်မှုနှင့် အသုံးစရိတ်တိုးတက်မှု၊ ဒေသအဆင့်တွင် စွမ်းဆောင်ရည်နှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှု တိုးတက်ခြင်းတို့ကြောင့် ကျေးလက်စီးပွားရေးတိုးတက်လာပြီး ဆင်းရဲနွမ်းပါးသူများ အတွက် အသက်မွေးဝမ်းကျောင်းမှုအခွင့်အလမ်းများလည်း တိုးပွားလာသည်။***

တောင်တန်းဒေသတွင်နေထိုင်သောလူထု၏ အသက်မွေးမှုကို အစိုးရမူဝါဒများက မည်သို့ရေးဆွဲသည်၊ အကောင်အထည် ဖော်သည်/မဖော်သည်ဆိုသည့် အချက်တို့က တိုက်ရိုက်သက်ရောက်မှုရှိသည်။ LIFTသည် ရပ်ရွာလူထု၏ ခံနိုင်စွမ်းကို တိုးတက်စေသော၊ ထိခိုက်လွယ်ဆုံးအိမ်ထောင်စုများကို အစိုးရဝန်ဆောင်မှုများ (ကျန်းမာရေးနှင့် အာဟာရ၊ ပညာရေး၊ လူမှုရေးအကာအကွယ်)ကို လက်လှမ်းမီစေခြင်းဖြင့် စီးပွားရေးအခွင့်အလမ်းများကို ပေးအပ်သော သယံဇာတများ (မြေယာ၊သစ်တော၊ရေစသည်)ကို ဒေသခံများက တန်းတူညီမျှအုပ်ချုပ်ခြင်းကို အထောက်အပံ့ပြုသော၊ ဈေးကွက်နှင့် အလုပ်အကိုင်အခွင့်အလမ်းများကို လက်လှမ်းမီစေသော အစိုးရမူဝါဒများ ပေါ်ပေါက်စေရန် LIFTက ဆွေးနွေးလှုံ့ဆော်လျက် ရှိပါသည်။ စီမံကိန်းဆောင်ရွက်မှုတို့က အစိုးရမူဝါဒများကို ဩဇာသက်ရောက်မှုသည် ယင်းတို့၏ ရေရှည်အကျိုးသက်ရောက်မှု ကို ဖြစ်စေနိုင်သည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် စီမံကိန်းဆောင်ရွက်မှုများနှင့် မူဝါဒရေးဆွဲမှုတို့ကို ချိတ်ဆက်ပေးရာတွင်လည်းကောင်း၊ လက်ရှိမူဝါဒများကို ဒေသခံပတ်သက်ဆက်နွယ်နေသူများထံသို့ အသိပေးရာတွင်လည်းကောင်း အရေးပါသည်။ ဤစီမံကိန်း သည် အသိအမြင်ဗဟုသုတများကို ပြုစုသည့်သူများနှင့် မူဝါဒအပြောင်းအလဲကို အကျိုးသက်ရောက်နိုင်သည့်သူများကို ဆက်စပ်ပေးမည်ဖြစ်သည်။ ယင်းတွင် ဒေသခံနှင့်နိုင်ငံတော်အဆင့် လုပ်ရှားသူများကို အထောက်အထားကိုအခြေပြုသည့် အသိအမြင်များရရှိစေရန် စွမ်းရည်တည်ဆောက်ပေးခြင်း၊ ထိုအသိအမြင်များကို မူဝါဒဆွေးနွေးမှုနှင့် ပြောင်းလဲမှုတို့တွင် ထိရောက်စွာအသုံးပြုနိုင်ရန် အထောက်အပံ့ပြုခြင်းတို့ ပါဝင်သည်။

ဤအစိတ်အပိုင်းသည် ကျေးလက်ဖွံ့ဖြိုးရေးကိုဦးစားပေးသည့် မူဝါဒများနှင့် ပြည်သူ့ဘဏ္ဍာသုံးစွဲမှုတို့ တိုးတက် ကောင်းမွန်ခြင်းဟူသော LIFT၏ အဆင့်မြင့်အကျိုးရလဒ်ကိုသာမက အသိအမြင်ဆိုင်ရာစင်မြင့်တစ်ခု ဖြစ်ပေါ်စေရန် LIFT၏ မျှော်မှန်းချက်ကိုပါ တိုက်ရိုက်အထောက်အကူပြုမည်ဟု မျှော်လင့်သည်။

- **သင့်လျော်သော နောက်ခံအခြေအနေသုံးသပ်မှုကို ဖြစ်ပေါ်စေခြင်း**

လုပ်ငန်းဆောင်ရွက်မှုတိုင်းကို ဒေသခံအခြေအနေအား သေချာစွာနားလည်မှုက ဦးဆောင်လမ်းညွှန်ရမည် ဖြစ်သည်။ ပဋိပက္ခကိုဂရုပြုသောအမြင်ဖြင့် ရှုမြင်ပါက နိုင်ငံရေးစီးပွားရေးသုံးသပ်မှုများကို ပြုလုပ်ရန်၊ အကျိုးတူဆောင်ရွက်သူအုပ်စုများ၊ လုပ်ပိုင်ခွင့်ရှိသူများကို ဖော်ထုတ်ရန်၊ ပဋိပက္ခကို ရင်ဆိုင်တုံ့ပြန်နေမှုများကို နားလည်ရန်တို့မှာ အထူးအရေးကြီးသည်။

အထက်တွင်ဖော်ပြထားသည့်အတိုင်း ပဋိပက္ခဂရုပြုမှုသာမက ပတ်ဝန်းကျင်နှင့် ဈေးကွက်အခြေအနေတို့သည်လည်း တောင်တန်းဒေသအတွင်းနှင့် ပြင်ပတွင်ပါ ကွာခြားမှုအကြီးအကျယ်ရှိနေသည်။ မိတ်ဖက်များသည် အသေးစိတ်စိုက်ပျိုးရေး စနစ်သုံးသပ်ချက်၊ ဈေးကွက်နှင့်တန်ဖိုးကွင်းဆက်သုံးသပ်ချက်တို့ကို လိုအပ်သလို ဆောင်ရွက်သွားသင့်သည်။ အာဟာရနှင့်ထိခိုက်လွယ်မှုဆိုင်ရာ သုံးသပ်ချက်ကိုလည်း တိကျသေချာစောင့်ကြည့်အကဲဖြတ်မှုစနစ်တွင် ထည့်သွင်းသင့်သည်။

- **ဒေသခံ CSO များနှင့် အစိုးရဝန်ထမ်းများကို စွမ်းဆောင်ရည်တည်ဆောက်ခြင်း**

LIFTသည် ဝေးလံခေါင်ဖျားသော ပဋိပက္ခဖြစ်ပွားပြီးသော နယ်မြေများတွင် ဒေသခံCSOများ၊ CBOများက ဝန်ဆောင်မှုများကို အဓိကပေးအပ်နေသည်ကို အသိအမှတ်ပြုပါသည်။ ယင်းတို့၏အများစုမှာ ဒေသ၏နောက်ခံအခြေအနေကို ကောင်းစွာ သိရှိကြသည်။ ယင်းတို့သည် ရပ်ရွာအဆင့်ဆက်ဆံရေးကို ကာလကြာရှည်စွာ ထူထောင်ထားပြီး ဖြစ်သည်။ ဒေသခံအကျိုးတူ ဆောင်ရွက်သူများနှင့် ကျေးရွာအဆင့်၊ မြို့နယ်အဆင့်တို့တွင် ယုံကြည်မှု တည်ဆောက်ထားပြီးဖြစ်သောကြောင့် အမှားမခံသော နိုင်ငံရေး၊ လူမှုရေးနယ်ပယ်များတွင် လုပ်ငန်းဆောင်ရွက်နိုင်ကြသည်။ ဒေသခံအဖွဲ့အစည်းအများစုသည် လူသားချင်းစာနာမှုဆိုင်ရာလုပ်ငန်းများနှင့်သာ ပိုမိုရင်းနှီးပြီး ဖွံ့ဖြိုးရေးကိုဦးတည်သော လုပ်ငန်းဆောင်ရွက်ပုံများသို့ ပြောင်းလဲပေးရန်လိုအပ်ကြောင်း အသိအမှတ်ပြုလျက် ယင်းတို့နှင့်အတူ လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။ ရှုပ်ထွေးသော စောင့်ကြည့်ခြင်းနှင့် သတင်းပို့ခြင်းလုပ်ငန်းများကို လိုအပ်သည့် နိုင်ငံတကာရန်ပုံငွေစီမံခန့်ခွဲမှုသည်လည်း စိန်ခေါ်မှု တစ်ရပ်ပင်ဖြစ်သည်။ တိုက်ရိုက်ထိတွေ့ ဆောင်ရွက်မှုအနေဖြင့် LIFTသည် အသေးစားရန်ပုံငွေလုပ်ကွက်တစ်ခုကို ဒေသခံCSOများအတွက် ဖန်တီးမည်ဖြစ်သည်။ ယင်းကို သီးခြားခေါ်ယူမည်ဖြစ်သော်လည်း ဤရန်ပုံငွေခေါ်ယူမှုကို အထောက်အကူပြုမည်ဖြစ်သည်။

ဤအဆိုပြုလွှာခေါ်ယူမှုအတွင်းမှပင် ဤစီမံကိန်းသည် ဒေသခံNGOများ CSOများက ရပ်ရွာလူထုသို့ ထိရောက်သော ဝန်ဆောင်မှုများပေးနိုင်စေရန်အတွက် အဖွဲ့အစည်းဆိုင်ရာစနစ်များကို အားဖြည့်ထောက်ပံ့မည် ဖြစ်သည်။ ယင်းတို့တွင် စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်းဖြင့် အထောက်အထားအခြေပြု အသိအမြင်ဗဟုသုတများကို ဖြစ်ပေါ်စေပြီး၊ မူဝါဒ ရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် ဩဇာသက်ရောက်စေရန်လည်း ပါဝင်နိုင်သည်။ သင်တန်းပေးခြင်း၊ အနီးကပ်လေ့ကျင့်ပေးခြင်း၊ ထိတွေ့ပေးခြင်း၊ တစ်ဆင့်ခံကန်ထရိုက်ပေးခြင်း၊ ရေတိုနည်းပညာအထောက်အကူပေးခြင်းစသည့် နည်းမျိုးစုံဖြင့် အထောက်အပံ့များကို ပေးအပ်သွားနိုင်မည် ဖြစ်သည်။

ဤစီမံကိန်းသည် ဖွံ့ဖြိုးရေးစီမံချက်များတွင်ပါဝင်နေသော အစိုးရနှင့် အခြားနည်းပညာဝန်ထမ်းများကို တိုက်ရိုက် ထိတွေ့ဆောင်ရွက်ခြင်းနှင့် အထက်ပါနည်းလမ်းများဖြင့် ယင်းတို့၏စွမ်းဆောင်ရည်ကို တည်ဆောက်ပေးခြင်း တို့ကိုလည်း ဆောင်ရွက်ပေးမည်ဖြစ်သည်။ နိုင်ငံတော်အဆင့်တွင် ဒေသနှင့်ကိုက်ညီသည့်စိုက်ပျိုးရေးစနစ်များစနစ်များအတွက် စိုက်ပျိုးရေးသင်ရိုးညွှန်းတမ်းအသစ်များရေးဆွဲနိုင်ရန် ထောက်ပံ့ပေးသွားမည်။

- **မူဝါဒနှင့်သက်ဆိုင်သောအထောက်အထားများကိုပြုစုခြင်း**

တောင်တန်းဒေသစီမံကိန်းမှ မူဝါဒများကိုသက်ရောက်မှုရှိနိုင်သည့် အထောက်အထားများ၊ သင်ခန်းစာများ ပေါ်ထွက်လာမည် ဖြစ်သည်။ ယင်းတို့သည် အစိုးရ၏မူဝါဒများကို တိုးတက်ကောင်းမွန်စေရန်နှင့် အကောင်အထည် ဖော်ရန်တို့အတွက် အထောက်အကူပြုနိုင်စွမ်းရှိမည်ဖြစ်သည်။ စီမံချက်များမှ တွေ့ရှိချက်များကို စုပေါင်းလိုက်ပါက ပြည်နယ်နှင့်နိုင်ငံတော်အဆင့် မူဝါဒ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေမူဘောင်များတို့များကို တိုးတက်ကောင်းမွန်စေမည့် သတင်းအချက်အလက်များရရှိနိုင် သောကြောင့် သက်ရောက်မှုပိုမိုကောင်းမွန်နိုင်သည်။ အရေးကြီးသော အခွင့်အလမ်းများ၊ လိုအပ်ချက်များ၊ မူဝါဒဆိုင်ရာ ကွာဟချက်များကို စီမံကိန်းက ဖော်ထုတ်ကိုင်တွယ်နိုင်မည် ဆိုပါက ထိရောက်သောဆွေးနွေးလှုံ့ဆော်မှုများ၊ မူဝါဒဆိုင်ရာ မူဘောင်များ၊ အစီအစဉ်များ ဖြစ်ထွန်းရေးကို အထောက်အပံ့ပြုနိုင်မည်ဖြစ်သည်။ ဤစီမံကိန်းသည် အရေးကြီးသော မူဝါဒဆိုင်ရာ သက်ရောက်မှုများနှင့် သက်ဆိုင်သည့်၊လက်တွေ့ကျသည့် ကိန်းဂဏန်းအချက်အလက်များ၊ အသိအမြင်ဗဟုသုတများကို၊ သင့်လျော်သော စောင့်ကြည့်အကဲဖြတ်မှုနှင့် သင်ယူမှုစနစ်များဖြင့် ပြုစုနိုင်မည်ဖြစ်သည်။ ဤအချက်အလက်များ အသိအမြင်များကို စီမံသည့်လုပ်ငန်းစဉ်များတွင် ပေးအပ်ခြင်း၊ သက်ဆိုင်ရာလုပ်ပိုင်ခွင့်ရှိသူများသို့ ဆွေးနွေးလှုံ့ဆော်ခြင်းတို့ကိုလည်း စီမံချက်များတွင် ထည့်သွင်းနိုင်မည် ဖြစ်သည်။

အစိုးရ၏ မြောက်မြားလှစွာသော မဟာဗျူဟာများ မူဝါဒများသည် ကျေးလက်ဖွံ့ဖြိုးရေးနှင့် အမျိုးသားလုပ်ငန်းစီမံချက်၊[3]ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အမျိုးသားအစီအစဉ်၊ အမျိုးသားမြေအသုံးချမှုမူဝါဒ၊ (မူကြမ်း)ကျေးလက်ဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်၊ စားနပ်ရိက္ခာနှင့်အာဟာရဆိုင်ရာ အမျိုးသားလုပ်ငန်းစီမံချက်တို့ကို လက်တွေ့အကောင်အထည်ဖေါ်ခြင်းနှင့်သက်ဆိုင်သည်။

ဤစီမံကိန်းသည် နိုင်ငံတော်အဆင့်တွင် ဆောင်ရွက်နေကြသော-ရိက္ခာဖူလုံရေးလုပ်ငန်းအုပ်စု(FSWG၊ မြေယာမဏ္ဍိုင်အုပ်စု (LCG)၊ ရိက္ခာဖူလုံမှုသတင်းကွန်ရက် (FSIN)၊ လူမှုရေးမူဝါဒနှင့် ဆင်းရဲမှုသုတေသနအုပ်စု (SPPRG)၊ အသေးစားငွေကြေးဆိုင်ရာလုပ်ငန်းအုပ်စု၊ စီးပွားရေးတီထွင်စမ်းသပ်မှုအဖွဲ့ အစည်းစသည့် အကြောင်းအရာအလိုက် မူဝါဒလှုံ့ဆော်ဆွေးနွေးသည့်အဖွဲ့ များနှင့် ထိတွေ့ဆက်ဆံမည်ဖြစ်သည်။ စောင့်ကြည့်အကဲဖြတ်ရေး နည်းစနစ်များအပြင် အထောက်အထားကိုအခြေပြုသည့် သုတေသနများမှ သင်ခန်းစာများကိုထုတ်ယူပြီး၊ မိတ်ဖက်အချင်းချင်းနှင့် သက်ဆိုင်ရာ အကျိုးတူဆောင်ရွက်သူများအတွင်း မျှဝေပေးသည့် တိကျသော အသိအမြင်စနစ်တစ်ရပ်ကိုလည်း ဤစီမံကိန်းတွင်ထည့်သွင်းမည်ဖြစ်သည်။

အထက်ပါလုပ်ငန်းနယ်ပယ်များကို အထောက်အပံ့ပြုမည့် သုတေသနများသည် စီမံချက်ဆောင်ရွက်မှုမှ ရရှိလာသော အသိအမြင်ဗဟုသုတတို့ကို အားဖြည့်ပေးရာတွင် လိုအပ်နိုင်မည်ဖြစ်သည်။ ယင်းတို့တွင် ဥပမာအားဖြင့် သီးနှံသစ်တော ရောနှောစိုက်ပျိုးသည့်စနစ်များ၊ တောင်တန်းဒေသစိုက်ပျိုးရေးစနစ်များသို့ ရာသီဥတုအပြောင်းအလဲက သက်ရောက်မှုများ၊ တောင်တန်းဒေသမြေယာလုပ်ပိုင်ခွင့်အာမခံနှင့် ရွှေ့ပြောင်းတောင်ယာစနစ်၊ စျေးကွက်နှင့်အလုပ်အကိုင်ပင်ရင်းများ၊ နယ်စပ်ကုန်သွယ်ရေး၊ ရွှေ့ပြောင်းသွားလာရေး၊ ကြွေးတင်မှု အခြေအနေ များ၊ ကျားမဆိုင်ရာအခန်းကဏ္ဍများ စသည်တို့ကို သုတေသနပြုမှုများပါဝင်နိုင်သည်။

စောင့်ကြည့်အကဲဖြတ်စနစ်များအပြင် သုတေသနနှင့် လေ့လာမှုများသည် သီးခြားစီမံချက်များတွင် ပါဝင်မည်ဖြစ်သည့်အပြင် LIFTသည် စီမံကိန်းအဆင့်၌ MEALမူဘောင်ကို စီမံခန့်ခွဲမည်ဖြစ်ပြီး အကြောင်းအရာအလိုက် သီးခြားလေ့လာမှုများကိုလည်း ဆောင်ရွက်နိုင်သည်။

**နယ်မြေအလိုက် ရည်မှန်းချက်နှင့် လုပ်ငန်းဆောင်ရွက်ပုံအမျိုးအစား ဆုံးဖြတ်သတ်မှတ်ခြင်း**

ရည်မှန်းချက်လူထုအလိုက်ဖြစ်နိုင်သော ရည်မှန်းချက်နယ်မြေများကို ဤစီမံကိန်းက သတ်မှတ်ထားပါသည်။ မိတ်ဖက်များအနေဖြင့် မိမိတို့အာရုံစိုက်ရမည့်နယ်မြေကို လမ်းညွှန်လို၍ ဖြစ်ပါသည်။ ဤသတ်မှတ်ချက်တို့မှာ အညွှန်းမျှသာဖြစ်ပြီး မလုပ်မနေရမဟုတ်သည့်ပြင် ရည်ရွယ်ချက်ဖြင့် တမင်ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ထားပါ သည်။

| ဦးတည်လူထု | ဦးတည်နယ်မြေ |
|---|---|
| **၁။နေရပ်စွန့်ခွာရွှေ့ပြောင်းခဲ့ရသည့် လူထု** | • တောင်ပိုင်းကချင်ပြည်နယ်။ မြစ်ကြီးနားနှင့်ဗန်းမော် တဝိုက်<br>• မြောက်ပိုင်းရှမ်းပြည်နယ်။ ကျောက်မဲ-လားရှိုး လမ်းကြော<br>• အရှေ့တောင်ပိုင်း။ ကယား၊ ကရင်၊ မွန်ပြည်နယ်များနှင့် တနင်္သာရီတိုင်း |
| **၂။ဝေးလံခေါင်ဖျားဒေသရှိလူထု** | • မြောက်/ တောင် /အရှေ့ပိုင်းရှမ်းပြည်နယ်။ ပင်မစီးပွားရေးလမ်းကြောင်းများပြင်ပ<br>• ချင်းပြည်နယ်<br>• မြောက်ပိုင်း ကချင်ပြည်နယ်<br>• စစ်ကိုင်းတိုင်း။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |

[3] ယင်းကို FAOကဆောင်ရွက်နေပြီး LIFTကငွေကြေးထောက်ပံ့သည်။

| | |
|---|---|
| **၃။ကုန်ထုတ်စွမ်းအားရှိသောလူထု** | • မြောက်ပိုင်း ရှမ်းပြည်နယ်။ ပြင်ဦးလွင်-လားရှိုး-မူဆယ် လမ်းကြော<br>• တောင်ပိုင်းရှမ်းပြည်နယ် နှင့်ကယားပြည်နယ်။ ကလော-တောင်ကြီး- လွိုင်ကော် တြိဂံ<br>• ကရင်ပြည်နယ်။ ဘားအံ-မြဝတီ လမ်းကြော<br>• မြောက်ပိုင်းချင်းပြည်နယ်။ ဟားခါး-တီးတိမ်-ကလေး လမ်းကြော |

တောင်တန်းဒေသတစ်ခွင်လုံးတွင် ပျံ့နှံ့သွားအောင် LIFTကို ဖြန့်ကျက်လိုက်မည်ဆိုပါက လုပ်ငန်းထုထည်ပါးလျသွားမည်ကို စိုးရိမ်ရန်ရှိပါသည်။ တောင်တန်းဒေသ၏ ပထဝီဝင်အနေအထားမှာ ကြီးမားပြီး အထူးပင် ထွေပြားလှသည်။ ဤစီမံကိန်းခွဲသုံးခုသည် လွှမ်းခြုံနိုင်စွမ်းရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် ချမှတ်ပေးသော ရန်ပုံငွေအားလုံးကို အဆိုပြုနယ်မြေတစ်ခုတည်းက သို့မဟုတ် ရည်မှန်းလူထုတခုတည်းသို့သာ အသုံးပြုလိုက်ရခြင်းလည်း ဖြစ်နိုင်သည်။ နယ်မြေအနှံ့လွှမ်းခြုံနိုင်မှုကို အကောင်းဆုံးသက်ရောက်မှုနှင့် ငွေကုန်ရကျိုးနပ်မှုတို့နှင့် ချိန်စက်ရန် အရေးကြီးမည်။

ဦးတည်လူထု (၃) အုပ်စု သတ်မှတ်ထားရခြင်းမှာ လူထု သို့မဟုတ် နယ်မြေတစ်ခုချင်းစီအလိုက် ထူးခြားချက်များ၊ လိုအင်များ၊ အခွင့်အလမ်းများကိုမူတည်၍ ဆောင်ရွက်ရမည့်နည်းလမ်းကို ရွေးချယ်နိုင်ရန်အတွက်ဖြစ်သည်။ ယင်းအချက်တို့မှာ ပဋိပက္ခအခြေအနေ၊ ချောင်ကျမှု၊ မြေအနိမ့်အမြင့်၊ ရိက္ခာဖူလုံမှု၊ ရွှေ့ပြောင်းသွားလာမှုနှုန်း၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ တန်ဖိုးကွင်းဆက်၊ ဈေးကွက်၊ ပုဂ္ဂလိကကဏ္ဍဆောင်ရွက်မှုတို့ ဖြစ်ကြသည်။ ထို့ကြောင့် အဆိုပြုလွှာတင်သွင်းသည့် မိတ်ဖက်များအနေဖြင့် မည်သည့်လုပ်ငန်းကို  လုပ်ဆောင်မည်၊ မည်သည့်အခြေအနေတွင် မည်သို့လုပ်ဆောင်မည်ဟူ၍ သီးခြားအခြေအနေအလိုက် ဆုံးဖြတ်နိုင်မည်ဖြစ်သည်။ နယ်မြေ တစ်ခုတည်းတွင် လူထုအုပ်စု အမျိုးမျိုးရှိနေနိုင်သည်ကိုလည်း သတိပြုရမည်ဖြစ်သည်။

ဒေသအခြေအနေ၊ ဦးတည်လူထု၏ လိုအင်များနှင့် အခွင့်အလမ်းများအရ အကြောင်းအရာအစိတ်အပိုင်း ခုနစ် ခုလုံးသည် တစ်နည်းနည်းဖြင့် ရည်မှန်းနယ်မြေတစ်ခုတည်းနှင့်လည်း သက်ဆိုင်နေနိုင်သည်။ ယင်းတို့အားလုံးကို မည်သည့်နယ်မြေ မည်သည့်ရည်မှန်းလူထုအတွက်မဆို အသုံးချနိုင်စွမ်းရှိနေပေသည်။ ထို့ကြောင့် အကယ်၍ တန်ဖိုးကွင်းဆက်နည်းလမ်းတစ်ခုသည် သက်ဆိုင်သည်၊ အကောင်အထည်ဖော်နိုင်သည်၊ ပဋိပက္ခကိုအလေးထားတုံ့ပြန်သည် ဆိုပါက ကျေးရွာတစ်ရွာရှိ IDPများသို့ ထောက်ပံ့ရာတွင်လည်း ယင်းကို သုံးစွဲနိုင်မည်သာ ဖြစ်သည်။

**ရန်ပုံငွေခွဲဝေမှု**

ဤစီမံကိန်းအတွက်အဆိုပြုထားသော LIFT၏ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းမှာ ကန်ဒေါ်လာ၆၅သန်းဖြစ်သည်။

အောက်ပါဇယားတွင်ဖော်ပြထားသည့် ခွဲဝေမှုတို့မှာ ခန့်မှန်းချက်သာဖြစ်ပြီး စီမံကိန်းအကောင်အထည် ပေါ်လာပါ က အပြောင်းအလဲများရှိနိုင်သည်။
စုစုပေါင်းရန်ပုံငွေကို အကောင်အထည်ဖော်မှုလုပ်ငန်းစုများအလိုက် ခွဲဝေသွားမည်ဖြစ်ပါသည်။

| **အစိတ်အပိုင်းများ** | | **ခွဲဝေမှု** |
|---|---|---|
| အစိတ်အပိုင်း၁။ | ကျေးလက်ငွေကြေးဝန်ဆောင်မှု | ကန်ဒေါ်လာ ၁၈ သန်း |
| အစိတ်အပိုင်း၂။ | *လယ်ယာအကြံပေး ဝန်ဆောင်မှု* | ကန်ဒေါ်လာ ၁၂ သန်း |
| အစိတ်အပိုင်း၃။ | *သဘာဝသယံဇာတစီမံခန့်ခွဲမှု* | ကန်ဒေါ်လာ ၅ သန်း |
| အစိတ်အပိုင်း၄။ | *လယ်ယာပြင်ပအသက်မွေးမှု* | ကန်ဒေါ်လာ ၁၀ သန်း |

| | | |
|---|---|---|
| အစိတ်အပိုင်း၅။ | *အာဟာရ* | ကန်ဒေါ်လာ ၈ သန်း |
| အစိတ်အပိုင်း၆။ | *လူမှုကာကွယ်စောင့်ရှောက်ရေး* | ကန်ဒေါ်လာ ၆ သန်း |
| အစိတ်အပိုင်း၇။ | *ဆင်းရဲသူများအကျိုးပြုမူဝါဒများ* | ကန်ဒေါ်လာ ၆ သန်း |
| **စုစုပေါင်း** | | ကန်ဒေါ်လာ ၆၅ သန်း |

စုစုပေါင်းရန်ပုံငွေကို အကောင်အထည်ဖော်မှု လုပ်ငန်းစုများအလိုက် ခွဲဝေသွားမည်ဖြစ်ပါသည်။ (နောက်ဆက်တွဲ ၂ကိုလည်းကြည့်ပါ။)

လုပ်ငန်းစု၁။ အစိတ်အပိုင်း၁ ကျေးလက်ငွေကြေးဝန်ဆောင်မှု(ကန်ဒေါ်လာ၁၈သန်း)ကို ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်မှု စီမံကိန်းဖြင့် သီးခြားအဆိုပြုလွှာများကိုခေါ်ယူကာ စာချုပ်ချုပ်ဆိုဆောင်ရွက်ပါ မည်။ (www.lift-fund.org/financial-inclusion)[4]

လုပ်ငန်းစု၂။ အစိတ်အပိုင်း၂မှ၇ထိ (ကန်ဒေါ်လာ၄၂သန်း)ကိုအဆင့်၂ဆင့်ဖြင့် ကန်ထရိုက်ချုပ်ဆိုဆောင်ရွက်သွားမည် ဖြစ်သည်။ ပထမအကြံအစည်ဖော်ပြချက်ကိုခေါ်ယူပြီးမှ အဆိုပြုလွှာများကို ခေါ်ယူမည်ဖြစ်သည်။ (www.lift-fund.org/uplands)

လုပ်ငန်းစု၃။ သီးခြားအထောက်အပံ့(ကန်ဒေါ်လာ၅)သန်းကို သက်ဆိုင်ရာစီမံချက်၏ ဒီဇိုင်းနှင့်ဒေသခံCSOများ၊ ရွှေ့ပြောင်းသူများကိုမူတည်၍ နောင်မှ ကန်ထရိုက်ချုပ်ဆိုဆောင်ရွက်မည်ဖြစ်သည်။ ယင်းတွင် အသေးစား ရန်ပုံငွေလုပ်ကွက်လည်း ပါဝင်နိုင်သည်။

[4] အစိတ်အပိုင်း၁ကို ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလတွင် အဆိုပြုလွှာများ ခေါ်ယူခြင်းဖြင့်စတင်ခဲ့ပြီးဖြစ်သည်။

### နောက်ဆက်တွဲ၁။ တောင်တန်းဒေသရှိ ရည်မှန်းထားသော လူထုသုံးမျိုး အဓိပ္ပါယ်ဖွင့်ဆိုချက်

| ဦးစားပေးရည်မှန်းချက် | လျာထားသောနယ်မြေလွှမ်းခြုံမှု | ဦးတည်ရသော အကြောင်းရင်း | ပဋိပက္ခအခြေအနေ | ဦးစားပေးနည်းလမ်း |
|---|---|---|---|---|
| **(၁) နေရပ်စွန့်ခွာရွှေ့ပြောင်းခဲ့ရသူများ** | | | | |
| • စခန်းများရှိ IDPများ<br>• အကြိမ်ကြိမ်ရွှေ့ပြောင်းခဲ့ရသည့် လူထု<br>• IDPများကို လက်ခံသော ရပ်ရွာများ<br>• ပြန်လည်နေရာချထားပြီးသော လူထုများ | ပဋိပက္ခဖြစ်ပွားခဲ့သောနယ်မြေများ<br>• ကချင်ပြည်နယ် အရှေ့တောင်ပိုင်း မြစ်ကြီးနား နှင့်ဗန်းမော် တဝိုက်<br>• ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲ-လားရှိုး လမ်းကြော<br>• အရှေ့တောင်ပိုင်း ကယား၊ ကရင်၊ မွန်ပြည်နယ် နှင့် တနင်္သာရီတိုင်း | ကျယ်ပြန့်သောဦးတည်ချက်။ ထိုနယ်မြေတွင် မိတ်ဖက်၏လုပ်ငန်းဆောင်ရွက်ခွင့်သည် အဓိကအကြောင်းရင်းဖြစ်မည်။ | ပြင်းထန်၊ ပဋိပက္ခဖြစ်နေဆဲ နယ်မြေများ မပါဝင်၊ နိုင်ငံရေး လူသားချင်း စာနာရေး တို့နှင့် ဖွံ့ဖြိုးရေးကို နိုင်းယှဉ် ရှုမြင်သည်။ | • ရေရှည်စီးပွားရေးဖွံ့ဖြိုးမှုနှင့် အာဟာရ အတွက် အထောက်အပံ့<br>• အမြဲတမ်းရပ်ရွာများတွင် ဘဝကိုပြန်လည် တည်ဆောက်နိုင်စွမ်း/ရွှေ့ပြောင်းနိုင်စွမ်းကို တည်ဆောက်ပေးခြင်း<br>• လူသားချင်းစာနာမှုအကူအညီကို ထပ်ဖြည့်ပေးခြင်း<br>• ယုံကြည်မှုတည်ဆောက်ခြင်း၊ ပဋိပက္ခအလေးထားတုံ့ပြန်ခြင်း |
| **(၂) ရိက္ခာဖူလုံမှု နိမ့်ပါးပြီး ဝန်ဆောင်မှုများနှင့် လက်လှမ်းမမီသည့် ဝေးလံခေါင်ဖျားသော တောင်တန်းနေ ရပ်ရွာလူထု** | | | | |
| • သစ်တောထွက်ကုန်များကို မှီခို နေရသော နှစ်ရှည်ပင်များ စိုက်ပျိုးရန် အလားအလာများ ရှိသည့် ချောင်ကျသည့် ရပ်ရွာများ<br>• ရွှေ့ပြောင်းသွားလာမှုနှုန်းမြင့်မားသည့် ရပ်ရွာများ<br>• ပြည်နယ်အစိုးရနှင့် ချိတ်ဆက်မှု တိုးမြှင့်နိုင်မည့် သီးခြားလူမျိုးစုများ | • ပင်မစီးပွားရေး စကြံ်များ ပြင်ပရှိ မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်းရှမ်းပြည်နယ်<br>• ချင်းပြည်နယ်<br>• ကချင်ပြည်နယ်မြောက်ပိုင်း<br>• စစ်ကိုင်းတိုင်းနာဂဒေသ | ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ် တောင်တန်းဒေသများ ဦးစားပေးသည်။ အထူးသဖြင့်ရိက္ခာမဖူလုံသော / အာဟာရအညွှန်းကိန်းနိမ့်သော နယ်မြေများတွင် ဖြစ်သည်။ ချောင်ကျပြီး လူဦးရေနည်းပါးသော နယ်မြေများတွင် လုပ်ငန်းဆောင်ရွက်ခြင်း မပြုသဖြင့် မျှော်မှန်းစီမံချက်ရလာဒ်များကို ထိခိုက်ခဲ့သည်။ ကချင်ပြည်နယ်အနောက်ပိုင်းမှာ ပဋိပက္ခများရှိနေပြီး ထိခိုက်လွယ်မှု နိမ့်ပါးသောကြောင့် ချန်လှပ်ခဲ့သည်။ | အလယ်အလတ်၊ "အညို ရောင်နယ်မြေ" အချို့နှင့် အပစ်အခတ်ရပ်စဲရေး တည်တံ့နေသော နယ်မြေ အချို့ရှိသည် | • ရေရှည်ခံသော စိုက်ပျိုးရေးနည်းပညာများ၊ ဝင်ငွေတိုးနိုင်သည့် တန်ဖိုးမြင့်နှစ်ရှည်ပင်များတွင် ရင်းနှီးမြှုပ်နှံခြင်း<br>• အာဟာရပြည့်ဝမှုနှင့် ရပ်ရွာအဆင့်လူမှုရေးအကာအကွယ်ကို မြှင့်တင်ခြင်း( တောင့်ထား)<br>• ရွှေ့ပြောင်းရေးဆိုင်ရာ အထောက်အပံ့<br>• ပြင်ပဝန်ဆောင်မှုပေးသူများနှင့် ချိတ်ဆက်နိုင်ရန် ကျေးရွာလူထုကို စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း |
| **(၃) တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးမှုတွင်  ပါဝင်နိုင်စွမ်းရှိသည့် ကုန်ထုတ်စွမ်းအားရှိသော လူထု** | | | | |
| • နယ်စပ်သို့ဆက်သွယ်ထားသည့် လမ်းများအနီးတွင်ရှိပြီးလယ်ယာကဏ္ဍနှင့် အခြားစီပွားရေးအခွင့်အလမ်းများ ရှိသည့် ကျေးလက်မြို့ကြီးများ၏ ပတ်ဝန်းကျင်နယ်မြေများ<br>• မြေဈေးတက်ပြီး ကြွေးထူသဖြင့် ထိခိုက်နေသော စိုက်ပျိုးရေးရပ်ရွာများ | • ရှမ်းပြည်နယ်မြောက်ပိုင်း ပြင်ဦးလွင်- လားရှိုး- မူဆယ်လမ်းကြော<br>• ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကယားပြည်နယ်<br>• ကလော-တောင်ကြီး-လွိုင်ကော် တြိဂံ<br>• ကရင်ပြည်နယ်-ဘားအံ-မြဝတီ လမ်းကြော<br>• ကြည်မြင်တိုင်မြောက်ပိုင် ဟားခါး-တီးတိမ် - ကလေး လမ်းကြော | အဓိကစီးပွားရေး လမ်းကြောင်းနစ်ခုမှာ ရှမ်းပြည်နယ်တွင် ရှိသည်။ ချင်းပြည်နယ်တွင် စီးပွားရေးဖွံ့ဖြိုးမှု နည်းပါးသော်လည်း တန်းဖိုးကွင်းဆက်နည်းလမ်းမှာ သင့်လျော်မည်။ | နည်းပါး၊ သို့သော် ဒေသခံ ပတ်သက်ဆက်နွယ်သူများ နှင့် သေချာစွာ ပြောဆိုရန် လိုအပ်သည်။ | • တန်ဖိုးကွင်းဆက်နှင့် ဈေးကွက်ကိုတွန်းအားပေးသော နည်းလမ်းများဖြင့် လယ်ယာနှင့် အခြားကဏ္ဍများတွင် အခွင့်အလမ်းများကို တိုးတက်စေခြင်း<br>• ကြွေးထူမှုနှင့်အရင်းအမြစ်များကို ရရှိရန် ပိုမိုယှဉ်ပြိုင်ရခြင်းကြောင့် ဖြစ်ပေါ်လာသော ပြဿနာများကို ကိုင်တွယ်ဖြေရှင်းခြင်း |

## နောက်ဆက်တွဲ၂။ တောင်တန်းဒေသ စီမံကိန်းမူဘောင်

### တောင်တန်းဒေသစီမံကိန်းမူဘောင်

**LIFT၏ ရလဒ်များ (အမျိုးသားအဆင့်)**

- ၁။လုပ်ကွက်ငယ်လယ်သမားများ၏ ထုတ်လုပ်မှုတိုးတက်ကာ ရေရှည်တည်တံ့ခြင်း။
- ၂။လုပ်ကွက်ငယ်လယ်သမားများ ဈေးကွက်လက်လှမ်းမီမှုနှင့် ဈေးကွက်အခြေအနေတိုးတက်လာခြင်း။
- ၃။လုပ်ကွက်ငယ်လယ်သမားများ နှင့် လယ်မဲ့မြေမဲ့များ အတွက် လယ်ယာလုပ်ငန်းမဟုတ်သောအလုပ်အကိုင် တိုးတက်လာခြင်း။
- ၄။လုပ်ကွက် ငယ်လယ်သမားများ နှင့် လယ်မဲ့မြေမဲ့များသည် သက်သာသော ငွေရေးကြေးရေး ဝန်ဆောင်မှုများကို လက်လှမ်းမီလာခြင်း။
- ၅။ အမျိုးသမီးများ၊ အမျိုးသား၊ ကလေး များ၏ အာဟာရ တိုးတက်ကောင်းမွန်ခြင်း။
- ၆။လုပ်ကွက်ငယ်လယ်သမားများ နှင့်လယ်မဲ့မြေမဲ့များသည် သယံဇာတများကို လက်လှမ်းမီရရှိရေးနှင့် ရေရှည်အသုံးပြုနိုင်ရေးတို့ အတွက် အာမခံချက် ရှိခြင်း။
- ၇။ အသက်မွေးမှုနှင့် စားနပ် ရိက္ခာဖူလုံစေရေးတွင်ကူညီထောက်ပံ့နိုင်ရန်အတွက် ဒေသခံတို့၏ စွမ်းဆောင်ရည်ကို အားဖြည့်ပေးခြင်း။
- ၈။လုပ်ကွက်ငယ်လယ်သမားများ နှင့်လယ်မဲ့ မြေမဲ့များနှင့် ပတ်သက်သော မူဝါဒနှင့် သက်ဆိုင်သည့် အထောက်အထားများကို ပြုစုခြင်း။

**ရည်မှန်းလူထုများ**

- နေရာစွန့်ခွာရွှေ့ပြောင်းခဲ့ရသူများ
- ရိက္ခာဖူလုံမှု နိမ့်ပါးပြီး ဝန်ဆောင်မှုများနှင့် လက်လှမ်းမမီသည့် ဝေးလံခေါင်ဖျားရှိ တောင်တန်းနေရပ်ရွာလူထု
- တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးမှုတွင် ပါဝင်နိုင်စွမ်းရှိသည့် ကုန်ထုတ်စွမ်းအားရှိသော လူထု

**အစိတ်အပိုင်းများ**

**၁။ကျေးလက်ဒေသငွေကြေး ဝန်ဆောင်မှု**
- လက်ရှိဆင်းရဲသားအကျိုးပြုငွေကြေးဝန်ဆောင်မှုများ ကိုတိုးချဲ့ခြင်း
- စိုက်ပျိုးရေးနှင့်လယ်ယာပြင်ပစီးပွားရေးလုပ်ငန်းငယ်များတွင် အရင်းအနှီးထောက်ပံ့ခြင်း ( ကြိုတ်ခွဲခြင်းအပါအဝင်)
- ငွေစုဆောင်းရန်စည်းရုံးခြင်း
- MFIများ၊ ဘဏ်များရေရှည်တည်တံ့ရန်အထောက်အကူပေးခြင်း
- တစ်စိတ်တစ်ပိုင်း အာမခံရန်ပုံငွေ

**၂။လယ်ယာအကြံပေးဝန်ဆောင်မှုများ နှင့် ထုတ်လုပ်သူအုပ်စုများ**
- စိုက်ပျိုးရေးတိုးချဲ့မှုနှင့် စိုက်ပျိုးရေးအကြံပေးဝန်ဆောင်မှုများ
- အဆင့်မီသွင်းအားစုများ၊ အသေးစားစက်မှုလယ်ယာ၊ သိုလှောင်ရေးနှင့် ကြိတ်ခွဲရေး ကိရိယာများကို လက်လှမ်းမီမှု
- သီးနှံသစ်တော ရောနှော စိုက်ပျိုးခြင်း၊ တန်းဖိုးမြင့် နှစ်ရှည်သီးနှံ တန်ဖိုးကွင်းဆက်များ
- အောင်မြင်နိုင်သောထုတ်လုပ်သူအုပ်စုများသို့ ဖွဲ့စည်းမှုဆိုင်ရာ အထောက်အပံ့ပြုခြင်း
- အားလုံးပါဝင်စေသော စီးပွားရေးစီမံချက်ရေးဆွဲခြင်း၊ ဈေးကွက်တင်ခြင်း၊ ကန်ထရိုက်ဆောင်ရွက်ခြင်း

**၃။တန်းတူညီမျှသော ရေရှည်ခံ သည့် သယံဇာတစီမံခန့်ခွဲမှု**
- ပတ်သက်ဆက်နွယ်သူပေါင်းစုံပါဝင်သော မြေယာအသုံးပြုမှု စီမံချက်ရေးဆွဲခြင်းနှင့် စီမံခန့်ခွဲခြင်း
- ဘုံသစ်တော
- တန်းတူညီမျှသော စိတ်ချရသည့် မြေယာလက်လှမ်းမီမှုနှင့်လုပ်ပိုင်ခွင့်
- မြေယာနှင့်ရေအရင်းအမြစ် ဖွံ့ဖြိုးရေး

**၄။လယ်ယာပြင်ပအလုပ်အကိုင် အသက်မွေးမှုအခွင့်လမ်းသစ်များ ရွှေ့ပြောင်းသွားလာရေး**
- ကျွမ်းကျင်မှုသင်တန်းများ နှင့် အသေးစားစီးပွားလုပ်ငန်းအများဖွံ့ဖြိုးရေး
- စိတ်ချရပြီး အကျိုးဖြစ်ထွန်းသည့် ရွှေ့ပြောင်းသွားလာရေးအခွင့်အလမ်းများ
- ဒေသခံ အသက်မွေးမှုအခွင့်အလမ်း အမျိုးမျိုးကို ဖြစ်စေခြင်း

**၅။အာဟာရပြည့်ဝမှု**
- အမူအကျင့်ပြောင်းလဲရေး ထိတွေ့ဆက်ဆံမှု
- WASH အသေးစားရေရှိရေးနှင့် အညစ်အကြေးစွန့်ပစ်မှု အခြေခံအဆောက်အအုံအပါအဝင်
- တစ်နှစ်ပတ်လုံး အာဟာရပြည့်ဝသည့် အိမ်ခြံဟင်းခင်း

**၆။လူမှုကာကွယ်စောင့်ရှောက်ရေး နှင့် စုပေါင်း/ ပြည်သူ့ဝန်ဆောင်မှုများသို့လက်လှမ်းမီမှု**
- လူမှုကာကွယ်စောင့်ရှောက်ရေး နှင့် လူမှုရေးသက်စောင့်ပိုက်ကွန်
- ရွှေ့ပြောင်းခဲ့ရသူများ ကို ပြန်လည်ထူထောင်ရေး ထောက်ပံ့ပေးခြင်း
- ဒေသန္တရအုပ်ချုပ်ရေးနှင့် ကျေးရွာစီမံချက်ရေးဆွဲခြင်း

**၇။ဆင်းရဲသူများအကျိုးပြု မူဝါဒ ဆွေးနွေးလှုံ့ဆော်ခြင်း၊ အထောက်အထားအခြေပြုသင်ယူမှု၊ CSOများစွမ်းဆောင်ရည်တည်ဆောက်ခြင်း**
- သင့်လျော်သော နောက်ခံအခြေအနေသုံးသပ်ချက်ကိုဖြစ်ပေါ်စေခြင်း
- ဒေသခံCSOများနှင့် အစိုးရဝန်ထမ်းများကို စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်း
- မူဝါဒနှင့်သက်ဆိုင်သည့် အထောက်အထားများကို ပြုစုခြင်း

**လုပ်ငန်းစုများ**

- လုပ်ငန်းစု ၁ (ကန်ဒေါ်လာ၁၈သန်း)<br>ကျေးလက်ဒေသငွေကြေးဝန်ဆောင်မှု<br>၂၀၁၅ခုနှစ် ဖေဖော်ဝါရီလတွင် အဆိုပြုလွှာခေါ်ယူ
- လုပ်ငန်းစု ၂ (ကန်ဒေါ်လာ၄၂သန်း)<br>အစိတ်အပိုင်း ၂ မှ ၇ ထိ<br>၂၀၁၅ခုနှစ် ဇူလိုင်လတွင် အယူအဆဖော်ပြချက်ခေါ်ယူခြင်း
- လုပ်ငန်းစု ၃(ကန်ဒေါ်လာ၅သန်း)<br>အသေးစားရန်ပုံငွေလုပ်ကွက်နှင့် ရွှေ့ပြောင်းသွားလာရေးရန်ပုံငွေလုပ်ကွက်၂၀၁၅ခုနှစ် ဒီဇင်ဘာလ

## နောက်ဆက်တွဲ ၃ ။ ပဋိပက္ခကို အလေးထားတုံ့ပြန်သောမှုများ

LIFTသည် တောင်တန်းဒေသရှိ ပဋိပက္ခမှလွတ်မြောက်လာသော နယ်မြေများတွင် အထူးသဖြင့်ရွှေ့ပြောင်းခဲ့ရသော လူထုကို ထိတွေ့ဆောင်ရွက်လိုသဖြင့် လူမျိုးစုပဋိပက္ခများ၊ ခွဲခြားမှုများ၊ လက်နက်ကိုင်အုပ်စုများအပါအဝင် ဖြစ်သော ပတ်သက်ဆက်နွယ်သူအချင်းချင်း မယုံကြည်မှုများရှိနေသည့် နယ်မြေသစ်တွင် လုပ်ငန်းဆောင်ရွက်မည်ဖြစ်သည်။ ဤစီမံကိန်းကို အလွန်ရှုပ်ထွေးသော လူမှု-နိုင်ငံရေးနောက်ခံအခြေအနေအတွင်းတွင် ခက်ခဲစွာ ဆောင်ရွက်သွားရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် "မထိခိုက်စေရေး (Do No Harm)မူ"နှင့် ပတ်သက်သော နိုင်ငံတကာက ကျင့်သုံးနေသည့် အကောင်းဆုံးနည်းလမ်းများကို LIFTက စွဲမြဲစွာ ဆောင်ရွက်သွားရမည်ဖြစ်သည်။

LIFTသည် စီမံကိန်းဒီဇိုင်းနှင့်ဆောင်ရွက်ချက်များသည် ပဋိပက္ခဖြစ်ပွားနေသောနယ်မြေများရှိ လူထု၏ အခြေ အနေ၊ အသက်မွေးမှုနှင့် ရိက္ခာဖူလုံမှုတို့ကို ပိုမိုတိုးတက်စေပြီး မလိုလားအပ်သော ဆိုးကျိုးများ မသက်ရောက်စေ ရေး သတိထားဆောင်ရွက်ရန် လိုအပ်ပါသည်။ အောက်ဖော်ပြပါ ပဋိပက္ခကိုအလေးထားတုံ့ပြန်သောမှုများသည် အသိအမြင်ရရှိ ရန်နှင့် စီမံကိန်း၊ စီမံချက်ဒီဇိုင်း၊ အကောင်အထည်ဖော်မှုတို့ကို လမ်းညွှန်နိုင်ရန် ဖော်ပြထားခြင်းဖြစ်ပါသည်။

### မူဝါဒ ၁။ ပဋိပက္ခကိုနားလည်ရန်

တောင်တန်းဒေသနယ်မြေများသည် ရှုပ်ထွေးနိုင်သည်။ ထို့ကြောင့် ရပ်ရွာလူထုတစ်ခုသည် မည်သို့ အသက်ဝင် နေသည်ကို လည်းကောင်း၊ အဓိကအကျိုးတူဆောင်ရွက်နေသူများ (ယင်းတို့၏ လုပ်ပိုင်ခွင့်နှင့် ဩဇာသက်ရောက်မှု)ကို ဖော်ထုတ်ရန်လည်းကောင်း၊ ယင်းတို့အချင်းချင်းနှင့် စီမံကိန်းတို့ မည်သို့ဆက်စပ်နေသည်ကို လည်းကောင်း နားလည်ရန်အတွက် နယ်မြေအလိုက် သုံးသပ်လေ့လာချက်များသည် အသုံးဝင်မည် ဖြစ်သည်။

ပဋိပက္ခကိုတွန်းအားပေးနေသော နိုင်ငံရေးနှင့် လူမှုစီးပွားရေးအခြေအနေများကို နားလည်ရန်အတွက် ပဋိပက္ခ အခြေအနေသုံးသပ်ချက်နှင့် ပတ်သက်ဆက်နွယ်နေသူများ အခြေအနေသုံးသပ်ချက်တို့ကို LIFT၏မိတ်ဖက် များက ဆောင်ရွက်သင့်သည်။ ဤသုံးသပ်ချက်များသည် အနည်းဆုံးအနေဖြင့် ပဋိပက္ခကို အဓိကတွန်းအားပေးမှုများ၊ ပဋိပက္ခ ဖြစ်ပွားပုံအခြေအနေ၊ တင်းမာမှုဖြစ်နိုင်စွမ်းနှင့် ငြိမ်းချမ်းမှုဖြစ်နိုင်စွမ်း၊ အဓိကအကျိုးတူဆောင်ရွက်သူများကို ဖော်ထုတ်ကာ ယင်းတို့ကြားရှိ လုပ်ပိုင်ခွင့်နှင့်ပတ်သက်သော ဆက်ဆံရေးအခြေအနေများကို ဆုံးဖြတ်ရန် လိုအပ်သည်။ (အောက်ပါနမူနာဇယားကိုကြည့်ပါ)

| အုပ်စု/အကျိုးတူဆောင်ရွက်သူများ | အနေအထား/စီးဝင်စားမှု | ဆက်နွယ်မှု |
|---|---|---|
| စီမံကိန်းနယ်မြေအတွင်းတွင် မည်သူတို့သည် အဓိကပတ်သက်ဆက်နွယ်သူ/ အုပ်စုများဖြစ်ကြသည်။ (လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး၊ လူမျိုးရေး စသည်) ကို အခြေခံသောအုပ်စု | • အဓိကအုပ်စုများ လူပုဂ္ဂိုလ်များ၏ အခြေခံ အကျိုးစီးပွားရေးများသည် မည်သည်တို့ဖြစ်ကြသလဲ<br>• ယင်းတို့၏ မျှော်လင့်ချက်များ၊ ကြောင့်ကြမှုများ၊ ကြောက်ရွံ့မှုများသည် မည်သည်တို့ဖြစ်ကြသည်။<br>• ယင်းတို့သည် ရပ်ရွာလူထုကို ကိုယ်စားပြုကြသလား<br>• မည်သူ့အတွက် ယင်းတို့က ဆုံးဖြတ်ပေးကြသလဲ | အကျိုးတူဆောင်ရွက်သူအုပ်စုချင်း ဆက်ဆံရေးမှာ မည်သို့ရှိသလဲ၊ ပဋိပက္ခနယ်မြေတွင် ယင်းတို့ကို မည်သည်က ခွဲခြားထားသလဲ၊ ယင်းတို့မည်သည်ကြောင့် ပူးပေါင်းကြသလဲ၊ လောလောဆယ်တွင် တင်းမာမှုမည်သို့ ထွက်ပေါ်နေသလဲ၊ |

အထက်ပါသုံးသပ်ချက်များတွင် LIFT၏ ရန်ပုံငွေထောက်ပံ့သောလုပ်ငန်းဆောင်ရွက်မှုများသည် မည်သို့သက်ရောက်မှုရှိသည်၊ ရလဒ်များရှိလာနိုင်သည်ကို သေချာစွာအကဲဖြတ်ရမည်။ ယင်းဆောင်ရွက်မှုတို့သည် နစ်နာမှုမဖြစ်ပေါ်စေကြောင်း သေချာစေရမည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်အတူ လိုက်ပါဆောင်ရွက်သွားရန် အရေးကြီးသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကျော်လွန်၍ဆောင်ရွက်ခြင်း သို့မဟုတ် မရရှိသေးသောရလဒ်များကို ရရှိပြီးဟု မှတ်ယူခြင်းတို့ကို ရှောင်ကျဉ်ရန်လိုအပ်သည်။

နောက်ခံအခြေအနေနှင့် ပဋိပက္ခအင်အားစုများကို နားလည်ခြင်းဖြင့် ဤအသက်မွေးမှုစီမံကိန်းသည် ပဋိပက္ခ၏ သက်ရောက်မှုများကို အနည်းဆုံးဖြစ်စေပြီး နယ်မြေအားလုံးနှင့် ဒေသအဆင့်၊ ပြည်နယ်/တိုင်းအဆင့်၊ နိုင်ငံတော် အဆင့်ဟူသော အကောင်အထည်ဖော်မှုအဆင့်အားလုံးတွင် အကျိုးပြုမှုများကို အများဆုံးဖြစ်စေသော မဟာ ဗျူဟာတစ်ရပ်ကို ရေးဆွဲစေနိုင်သည်။

**မူဝါဒ ၂။ ဒေသခံ အကျိုးတူဆောင်ရွက်နေသူအားလုံးနှင့် အဓိပ္ပာယ်ရှိသော တိုင်ပင်ဆွေးနွေးမှု**

သက်ဆိုင်ရာနယ်မြေအတွင်းရှိ ပဋိပက္ခနှင့် အဓိကပတ်သက်ဆက်နွယ်နေသူအားလုံးကို စီမံကိန်းမရေးဆွဲမီ၊ လုပ်ငန်းမဆောင်ရွက်မီ၊ လုပ်ငန်းဆောင်ရွက်နေစဉ်တို့တွင် သေချာစွာတိုင်ပင်သင့်သည်။ အကျိုးတူဆောင်ရွက်နေသူများနှင့် ပုံမှန်ဆွေးနွေးတိုင်ပင်ခြင်းသည် စီမံကိန်းသက်တမ်းတလျှောက်လုံးတွင် ထိရောက်မှုရှိစေသင့်သည်။

အကျိုးတူဆောင်ရွက်နေသူများတွင် ဒေသခံအုပ်ချုပ်ရေးပိုင်းကိုယ်စားလှယ်များ၊ လက်နက်ကိုင်အုပ်စုများ၏ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာအစိုးရဌာနများသာမက အခြားကူညီရေးနှင့် ဖွံ့ဖြိုးရေးဆောင်ရွက်သူများ၊ နိုင်ငံရေးပါတီများ၊ စီးပွားရေး လူမှုရေးအဖွဲ့အစည်းများ (ဥပမာ-ဘာသာရေးခေါင်းဆောင်များ၊ အမျိုးသမီးများ၊ လယ်သမားများ၊ လူမှုရေးနှင့်တိုင်းရင်းသားလူမျိုးစုအုပ်စုများ)တို့ကို ကိုယ်စားပြုသူများလည်း ပါဝင်ရမည်။ ယင်းတို့ကို မည်သည့်နေရာတွင် မည်သို့လုပ်ငန်းဆောင်ရွက်သင့်သည်ဟု တိုင်ပင်သင့်သည်။ ထိုသို့ဆောင်ရွက်ရာတွင် လက်နက်ကိုင်အုပ်စုများ၏ ကိုယ်စားလှယ်များထံမှ ယင်းတို့ရှိနေသောနယ်မြေများ၊ ယင်းတို့၏ ဩဇာသက်ရောက် သောနယ်မြေများတွင် လုပ်ငန်းဆောင်ရွက်ရန် ကြိုတင်ခွင့်ပြုတောင်းခံခြင်းလည်း ပါဝင်သည်။

ပတ်သက်ဆက်နွယ်နေသူများနှင့် တိုင်ပင်ခြင်းသည် "အဓိပ္ပါယ်ရှိသောတိုင်ပင်ဆွေးနွေးခြင်း"ဖြစ်ရန် လိုအပ်သည်။ ထို့ပြင် ဆုံးဖြတ်ချက်ချမှတ်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရန်အားပေးခြင်းသာမက ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်ခွင့်ရှိကြောင်းကို အသိပညာပေးလှုံ့ဆော်ပေးခြင်းလည်း ဖြစ်ရမည်။ အားလုံးပါဝင်စေသော၊ အလွတ်သဘောဖြစ်သော ဆက်သွယ်ရေးလမ်းကြောင်းများကိုလည်း လိုအပ်သည်။ အထူးသဖြင့် ပတ်သက်ဆက်နွယ်နေသူများအချင်းချင်း လုပ်ပိုင်ခွင့် မညီမျှသော အခြေအနေမျိုးတွင်ဖြစ်သည်။

**မူဝါဒ ၃။ လုပ်ပိုင်ခွင့်ရှိသူများနှင့် ထိတွေ့ဆောင်ရွက်ရန်**

ပဋိပက္ခမှလွတ်မြောက်လာသော နယ်မြေများတွင် အုပ်ချုပ်ပုံအမျိုးမျိုး၊ အုပ်ချုပ်ရေးစနစ်အမျိုးမျိုးရှိနေကြသည်။ [5]ဤစီမံကိန်းသည် အဓိကလုပ်ပိုင်ခွင့်ရှိသူများနှင့် ထိတွေ့ဆောင်ရွက်ရမည်ဖြစ်ရာ အစိုးရသာမက လက်နက်ကိုင် အုပ်စုများပါ ပါဝင်ရမည်ဖြစ်သည်။ တစ်ဖွဲ့ဖွဲ့နှင့် "နီးကပ်လွန်းခြင်း" သို့မဟုတ် "ဝေးကွာလွန်းခြင်း" မဖြစ်ရန် ချိန်ဆရမည်။ ဤကဲ့သို့သော ဆက်ဆံရေးမျိုးကို ဆောင်ရွက်နိုင်စွမ်းသည် အဓိကကျသည်။ ဤကဲ့သို့ ထိတွေ့ ဆောင်ရွက်မှုများသည် ယင်းတို့၏ တာဝန်ရှိမှု

[5] အုပ်ချုပ်မှု အမျိုးအစား ၃မျိုးရှိနေသည်။(၁) အစိုးရကအုပ်ချုပ်နေသောနယ်မြေ၊ (၂) အစိုးရမဟုတ်သောလက်နက်ကိုင်အုပ်စုများကအုပ်ချုပ်နေသောနယ်မြေ၊ (၃) အစိုးရရော အစိုးရမဟုတ်သောလက်နက်ကိုင်အုပ်စုများကပါ အုပ်ချုပ်နေသောနယ်မြေ။

များကို အစားထိုးနေရာယူမည်မဟုတ်ကြောင်း ထင်ရှားစွာ ပြသရမည်။ ထို့ပြင် ငြိမ်းချမ်းရေးကို အထောက်အပံ့ပြုရန်အတွက် လုပ်ပိုင်ခွင့်ရှိသူများနှင့် ဆက်ဆံရာတွင် နမူနာကောင်းတစ်ခုကို ပြသသင့်သည်။

### မူဝါဒ ၄။ ပဋိပက္ခစည်းများကိုကျော်၍ ပူးပေါင်းဆောင်ရွက်ရေးကိုအားပေးရန်

ပဋိပက္ခဖြေရှင်းရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ် ရပ်ရွာလူထုအမျိုးမျိုးနှင့် ပဋိပက္ခတွင်ပါဝင်သူများ အားလုံးတို့ကို ပါဝင်သွားစေရန် ရေရှည်ရည်မှန်းချက်ကို ထိန်းသိမ်းထားရန်လိုအပ်သည်။ အတွေ့အကြုံအရ သိရှိရသည်မှာ နိုင်ငံ၏ နယ်မြေတစ်ခုတွင် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများရှိနေပြီး နောက်တစ်ခုတွင် ဖွံ့ဖြိုးရေးဆိုင်ရာအထောက်ပံ့ ရှိနေခြင်းကို တန်းတူညီမျှခြင်း၊ အားလုံးပါဝင်စေခြင်းဟုမမြင်ဘဲ ခွဲခြားခြင်းဟု မှတ်ယူတတ်ကြသည်။ ထို့ကြောင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းဆိုင်ရာ မဟာဗျူဟာများကို ချမှတ်ရန်လိုအပ်သည်။ ယင်းတို့တွင် ရည်မှန်းလုပ်ငန်းအုပ်စု များ လုပ်ဖော်ကိုင်ဖက်များ အစည်းအဝေး ကျင်းပ ခြင်းနှင့် စီမံကိန်းကိုပုံမှန်သုံးသပ်ခြင်းများ ပါဝင်သည်။ စီမံချက်များသည် ဒေသအစိုးရ၏ အုပ်ချုပ်ရေး၊ လက်နက်ကိုင်အုပ်စုများ စသည့် ဖွံ့ဖြိုးရေးအဆောက်အအုံများကိုလည်း အားမြှင့်ပေးရန်နှင့် ပိုမိုကောင်းမွန်စေရန် ရည်ရွယ်သင့်သည်။ ထို့ပြင် မလိုအပ်သော ဝန်ထုပ်ဝန်ပိုးများနှင့် ရှုံးလုပ်ထုံးလုပ်နည်းများ မပေါ်ပေါက်လာစေရန် သေချာစွာဆောင်ရွက်ရမည်။

ဤစီမံကိန်းသည် လုပ်ငန်းဆောင်ရွက်ရာတွင် ဖြစ်နိုင်ခြေရှိပြီး အခွင့်အရေးရရှိပါက အစိုးရနှင့် တစ်ဘက် အဖွဲ့အစည်းများကို ပူးပေါင်းဆောင်ရွက်ကြစေရန် ကြိုးစားသင့်သည်။ ဤစီမံကိန်းသည် အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ ဘာသာရေးအခြေခံ၊ ရပ်ရွာအခြေခံအဖွဲ့အစည်းများသည် ပဋိပက္ခဖြစ်နေသူများ အချင်းချင်းကို ပေါင်းကူးဆက်စပ်ပေးနိုင်သည့်အပြင် ယင်းအဖွဲ့ များကိုလည်း ဆက်စပ်ဆောင်ရွက်နိုင်သောကြောင့် ယင်းတို့နှင့် လည်း လက်တွဲလုပ်ဆောင်သင့်သည်။

ပဋိပက္ခစည်းများကို ဖြတ်ကျော်တည်ဆောက်ထားသည့် ဒေသခံစနစ်တို့မှာ တရားဝင်ဖွဲ့စည်းထားခြင်း မရှိတတ်ပေ။ ထိုအိမ်ထောင်စုများ၊ ရပ်ရွာများ၊ ရိုးရာအဖွဲ့အစည်းများသည် တရားဝင်အဖွဲ့အစည်းအသွင်ကို မဆောင်ကြသဖြင့် မိတ်ဖက်ပြုလုပ်ရာတွင် ချန်လုပ်သွားတတ်ကြသည်။ ဤစီမံကိန်းနှင့်လုပ်ဖော်ကိုင်ဖက်များသည် ရပ်ရွာအသက်မွေးမှုနှင့်ဖွံ့ဖြိုးမှု ကို ကိုင်တွယ်ဖြေရှင်းနိုင်သော လက်ရှိဒေသခံနှင့် ရိုးရာအဖွဲ့အစည်းများ၊ လူပ်ရှားသူ များကို ဖော်ထုတ်ကာ အားမြှင့်ပေး နိုင်စွမ်းရှိရမည်ဖြစ်သည်။ အားမြှင့်ပေးရာတွင် ယင်းတို့၏ စွမ်းဆောင်ရည် အထူးသဖြင့် ဖွဲ့စည်းမှုဆိုင်ရာ စွမ်းဆောင်ရည်ကို ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးသင့်သည်။ သို့မှသာ ယင်းတို့၏တာဝန်ကို ထိရောက်စွာ ထမ်းဆောင်နိုင်မည်ဖြစ်သည်။

အုပ်စုအမျိုးမျိုးကို ကိုယ်စားပြုနေသော မိတ်ဖက်များအား ရပ်ရွာအသက်မွေးမှုနှင့်ရိက္ခာဖူလုံမှု ဆိုင်ရာလှုပ်ရှားမှုများတွင် အတူတကွဆောင်ရွက်ကြရန် အခါအခွင့်ရှိတိုင်း အားပေးသည်။ (ဆိုလိုသည်မှာ အတင်းအကြပ် မိတ်ဖက်မဖွဲ့စည်းရန် ဖြစ်သည်) ယင်းသည် ယုံကြည်မှုရှိအောင်ဆောင်ရွက်ရာတွင် အရေးကြီးသော လုပ်ငန်းစဉ် တစ်ခုဖြစ်သည်။ ထို့ပြင် လက်ရှိလုပ်ငန်းဆောင်ရွက်မှုများကို နားလည်စေရန် အချိန်နှင့်တပြေးညီ သတင်းမျှဝေ ပေးရမည်။

### မူဝါဒ ၅။ ပွင့်လင်းမြင်သာရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး

ဤစီမံကိန်းကို ဖွံ့ဖြိုးရေးဆောင်ရွက်သူများအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လုပ်ဆောင်သင့်သည်။ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လုပ်ကွက်များထပ်နေခြင်းကို အနည်းဆုံးဖြစ်စေသည့်အပြင် ညှိနှိုင်းမှုနှင့်ယုံကြည်မှုကို တည်ဆောက်နိုင်မည်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်မှုအဆင့်တိုင်းတွင် ရည်မှန်းချက်များ၊ လုပ်ဆောင်မှုများ၊ လုပ်ဖော်ကိုင်ဖက်များ၊ စီမံကိန်းနှင့် ဝန်ဆောင်မှုရရှိနိုင်မှုအခြေအနေတို့နှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိစေရန် အရေးကြီးသည်။ ပွင့်လင်းမြင်သာမှု မရှိပါက အထောက်အပံ့ပေးမှု မညီမျှကြောင်း ကောလာဟလများ ပေါ်ပေါက်နိုင်ပြီး ပတ်သက်ဆက်နွှယ်သူများ (ဥပမာ-

ပဋိပက္ခတွင်ပါဝင်သူများ)အချင်းချင်း မုန်းတီးစိတ်များ ဖြစ်ပေါ်နိုင်သည်။ သတင်းအချက်အလက်ဖြန့်ဝေမှုသည် ရပ်ရွာနှင့် ပတ်သက်ဆက်နွယ်သူတို့ ယုံကြည်မှုတည်ဆောက်ရာတွင် လည်းကောင်း၊ စီမံကိန်း အောင်မြင်စွာအကောင်အထည်ဖော်ရာတွင် လည်းကောင်း အဓိကကျသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်မျှဝေရေးစနစ်များကို စီမံကိန်း ရေးဆွဲစဉ်ကပင် ပြုစုထားရန်လိုအပ်သည်။

သတင်းလုံခြုံမှုကိုလည်း စဉ်းစားဆင်ခြင်ရန် လိုအပ်ပါသည်။ အထူးသဖြင့် လူပုဂ္ဂိုလ်တို့၏ ဘဝဇာတ်လမ်းများနှင့် ဒေသလုံခြုံရေးတို့နှင့်စပ်လျဉ်းလျှင်ဖြစ်သည်။ လူတို့၏အသံကို နားထောင်ရမည်ဖြစ်သော်လည်း ပုဂ္ဂိုလ်ရေး လုံခြုံမှုကို မထိခိုက်စေရန်လိုအပ်သည်။

## မူဝါဒ ၆။ ဒေသန္တရနှင့်နိုင်ငံတော်အဆင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်အဓိပ္ပာယ်ရှိသောပူးပေါင်း ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများ (ဘာသာရေးအခြေခံနှင့် ရပ်ရွာအခြေခံအဖွဲ့အစည်းများအပါအဝင်) တို့သည် အရှိန်အဟုန်ရလျက်ရှိပြီး ရပ်ရွာအဆင့်မှ နိုင်ငံတော်အဆင့်ထိ လှုပ်ရှားဆောင်ရွက်လျက်ရှိကြသည့်အပြင် မူဝါဒများကိုလည်း သြဇာသက်ရောက်လျက်ရှိကြသည်။ ထို့ပြင် မူဝါဒရေးဆွဲသူ ဆုံးဖြတ်ချက်ချမှတ်သူများထံသို့လည်း လူထု၏လိုအင်များနှင့် ကြောင့်ကြမှုများကို ပေါက်ရောက်အောင် ပြောကြားလျက်ရှိကြသည်။ ယင်းတို့သည် ပဋိပက္ခဖြစ်ပွားနေသည့်နယ်မြေများတွင် ပဋိပက္ခတွင်ပါဝင်သူများနှင့် အလုပ်သဘောဆက်ဆံရေးများကို ထူထောင်ထားကြပြီး ယင်းတို့၏ ကွန်ရက်များမှတဆင့် ကန့်သတ်နယ်မြေများအပါအဝင် နယ်မြေအများစုသို့ ခရီးပေါက်ကြသည်။ တခါတရံ ဤကန့်သတ်နယ်မြေများမှ ဒေသခံ အုပ်စုများဖြင့်ပင် ဖွဲ့စည်းထားတတ်ကြသည်။ ဆိုလိုသည်မှာ CSO၊ CBOများသည် ရပ်ရွာအကြောင်းကို (ယဉ်ကျေးမှုနှင့် ဘာသာစကားအပါအဝင်)ကို နားလည်ကြသည်။ ထို့ပြင် စီမံကိန်းအဆင့်အသီးသီးကို ပံ့ပိုးနိုင်စွမ်းလည်း ရှိကြသည်။ စီမံကိန်းမဟာဗျူဟာများ ဆောင်ရွက်ချက်များကို ရွေးချယ်ရာတွင်ဖြစ်သည်။

## မူဝါဒ ၇။ ပဋိပက္ခဒဏ်ခံရသည့် လူထု၏ ဦးစားပေးလိုအင်များကို ဖြည့်ဆည်းရန်

အကယ်၍ ထောက်ပံ့မှုများသည် ဒေသခံလူထု၏ အသက်မွေးမှုကို ထိခိုက်စေသော အဓိကကိစ္စရပ်များကို အသိအမှတ် မပြုလျှင်ဖြစ်စေ၊ အရေးကြီးသောလက်ရှိလုပ်ငန်းစဉ်များ (ဥပမာ-သယံဇာတစီမံခန့်ခွဲမှု)ကို ရှောင်လွှဲ သွားလျှင်ဖြစ်စေ၊ စီမံချက်၏ရည်မှန်းချက်များကို နားလည်မှုမှားယွင်းနိုင်သည်။ ယင်းသည် ရလဒ်ဖြစ်ပေါ် နိုင်စွမ်းကို ထိခိုက်နိုင်သည့်အပြင် အပြောင်းအလဲများကိုလည်း ကြာရှည်သွားစေနိုင်သည်။ စီမံကိန်းဦးစားပေးမှုကို တည်ငြိမ်သော အသက်မွေးမှု၊ ရေရှည်တည်တံ့သောရပ်ရွာများနှင့် အရင်းအမြစ်များကို လက်လှမ်းမမီသည့် ထိခိုက်လွယ်သောအုပ်စုများ၊ မိမိနေအိမ်မှ မောင်းနှင်ထုတ်ခံရသူများ၊ တရားဝင်မြေယာပိုင်ဆိုင်မှုဆုံးရှုံးသွားသူများ စသည့် လူထု၏အခြေခံရပိုင်ခွင့်များကို အခြေခံကာ ရွေးချယ်ရမည်။ ရပ်ရွာလူထုနှင့်ထိတွေ့ကာ လုပ်ငန်း ဆောင်ရွက်မှုများနှင့် သက်ဆိုင်ပုံကို လည်းကောင်း စီမံချက်၏ အကန့်အသတ်များကို လည်းကောင်း ဆွေးနွေးရန် အရေးကြီးသည်။ စီမံကိန်းအကျိုးရလဒ်များကို ဖော်ထုတ်သည့်၊ ဦးစားပေးရွေးချယ်သည့်၊ အကောင်အထည် ဖော်သည့် လုပ်ငန်းစဉ်များတွင်လည်း ပတ်သက်ဆက်နွယ်သူပေါင်းစုံ အထူးသဖြင့် ထိခိုက်ခံရသောလူထုတို့ကို ပါဝင်စေသင့်သည်။

## မူဝါဒ ၈။ အားလုံးပါဝင်စေခြင်းနှင့် ခွဲခြားဆက်ဆံမှုမရှိခြင်း

လုပ်ငန်းစီမံကိန်းအားလုံးသည် အားလုံးပါဝင်စေခြင်းနှင့် ခွဲခြားဆက်ဆံမှုမရှိခြင်းဆိုင်ရာ မူဝါဒများကို စွဲမြဲထားသင့်သည်။ ဝန်ဆောင်မှုပေးရာတွင်လည်း လူမျိုး၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ လိင်၊ အသက်အရွယ်မခွဲခြားဘဲ လူထုအုပ်စုအားလုံးသို့ ညီမျှစွာပေးစေရမည်။

အုပ်စုအားလုံး၊ အုပ်စုခွဲများ၊ ပဋိပက္ခတွင် ပတ်သက်ဆက်နွယ်သူများတို့၏ ကိုယ်စားလှယ်များကို (က) စီမံကိန်း ဆိုင်ရာဆုံးဖြတ်ရာတွင်၊ (ခ) အကျိုးခံစားခွင့်ရှိသူတွင်၊ (ဂ) မိတ်ဖက်များတွင် ပါဝင်စေသင့်သည်။ ချို့ငဲ့သူ/အပယ်ခံ ထားရသူများကိုလည်း အားဖြည့်ပေးပြီး ပူးပေါင်းပါဝင်စေသင့်သည်။ ယင်းတို့၏ပါဝင်မှုသည် တည်ငြိမ်မှု၊ ရေရှည်တည်တံ့မှုတို့ကို အထောက်အကူပြုပြီး ခွဲခြားမှုများကို လျော့ပါးအောင် ပေါင်းကူးဆက်သွယ်ပေးနိုင်သည့်အပြင် ပတ်သက်ဆက်နွယ်သူအချင်းချင်း ထိရောက်စွာပူးပေါင်းဆောင်ရွက်မှုကိုလည်း ဖြစ်ပေါ်စေနိုင်သည်။

ပဋိပက္ခဖြစ်ပွားနေပြီး လူမှုရေးအရ ကွဲပြားနေသောအခြေအနေတွင် ဝန်ထမ်းစုဆောင်းရာ၌ လူအုပ်စုအားလုံးမှ ပါဝင်စေရန် အရေးကြီးသည်။ ဝန်ထမ်းများ၊ စီမံချက်များသည် ဒေသခံလူမျိုးရေး၊ ဘာသာစကား၊ ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှုတို့ကို ဂရုပြုရမည့်အပြင် လူမှုရေးအရသော်လည်းကောင်း၊ လူမျိုးရေးအရသော် လည်းကောင်း အဆက်မပြတ်သင့်ပေ။ ခွဲခြားခြင်းအစား ပေါင်းစည်းခြင်းကို ရည်မှန်းသင့်သည်။

ဤမူဝါဒသည် ဒေသခံလူသားအရင်းအမြစ်ဖွံ့ဖြိုးရေးကိုလည်း ဖြည့်ဆည်းပေးမည်ဖြစ်သည်။ စီမံချက်ဝန်ထမ်းများ နှင့် အကျိုးခံစားခွင့်ရှိသူများသည် ဘာသာစကားနှင့်ယဉ်ကျေးမှုတူညီလျှင် ရှင်းလင်းလွယ်ကူသည့် ဆက်ဆံရေး လမ်းကြောင်းကို သေချာစွာတည်ဆောက်နိုင်မည်။

## မူဝါဒ ၉။ အလုပ်ဖြစ်မှုနှင့် လိုက်လျောညီထွေရှိမှု

ပဋိပက္ခဖြစ်ပွားနေသော နယ်မြေ၏အခြေအနေမှာ မတည်ငြိမ်ဘဲ ပြောင်းလဲနိုင်သည်။ နယ်မြေကိုလိုက်၍ ဆောင်ရွက်မှုနည်းလမ်းအမျိုးမျိုးကို လိုအပ်နိုင်သည်။ ဒေသကိုလိုက်၍ ပဋိပက္ခများကို ပြောင်းလဲစေနိုင်သည့် စိန်ခေါ်မှုများကို နားလည်ရန်လိုအပ်သည်။ စံချိန်ကိုက် တင်းကြပ်သော နည်းလမ်းများကို ပဋိပက္ခနယ်မြေများတွင် သုံးစွဲခြင်းက ဆုံးရှုံးမှုကို ဖြစ်စေနိုင်သည်။ ထို့ကြောင့် စီမံကိန်းနှင့် ယင်း၏စီမံချက်တို့သည် ပြောင်းလဲနိုင်သော အခြေအနေကိုလိုက်ကာ လိုက်လျောညီထွေရှိပြီး အလုပ်ဖြစ်နိုင်စွမ်းရှိရန် လိုအပ်သည်။ ဤအခြေအနေများတွင် ပဋိပက္ခတွင်ပါဝင်သူများနှင့် ချက်ချင်းတွေ့ဆုံခြင်းများ၊ ရပ်ရွာလူထုနှင့် အရေးပေါ်ဆွေးနွေးခြင်းများ၊ မျှော်လင့်မထားသော လုံခြုံရေးကိစ္စများနှင့် ပတ်သက်၍ စီမံခန့်ခွဲခြင်း၊ စီမံကိန်းဆောင်ရွက်မှုကို ရပ်တန့်ထားနိုင်စွမ်းရှိခြင်း၊ ပြန်လည်သုံးသပ်ခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်နိုင်သည်။

စံချိန်စံညွှန်းများနှင့် မူဝါဒများကို လုပ်ဖော်ကိုင်ဖက်များနှင့် အဓိကပတ်သက်ဆက်နွယ်နေသူများတို့က ဆုံးဖြတ် သင့်သည်။ ယင်းတို့ကို အကောင်အထည်ဖော်ရာတွင် ပြောင်းလွယ်ပြင်လွယ်မှုသည်လည်း အတိုင်းအတာတစ်ခုအထိ ပါဝင်ရမည်။ အခြေအနေအရအပြောင်းအလဲလုပ်ရမှုကြောင့် ဖြစ်ပေါ်သော ငွေကြေးခွဲဝေမှုများကို စီမံကိန်းဘတ်ဂျက်ထဲတွင် ခွဲဝေပေးထားရမည်။

ပြောင်းလွယ်ပြင်လွယ်မှု/လိုက်လျောညီထွေရှိမှုသည် ရလဒ်များထွက်ပေါ်ရန်နှင့် ရေရှည်ခံနိုင်မှုအတွက်လည်း အရေးပါသည်။ လုပ်ငန်း နည်းလမ်းများကို ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းတွင် အတွေ့အကြုံနှင့် နောက်ဆုံးအခြေအနေကို သိရှိမှုကို အခြေခံရန်လိုအပ်သည်။ ယင်းကို သင်ခန်းစာများ၊ အကောင်းဆုံးလုပ်နည်းစနစ်များ၊ မိတ်ဖက်များနှင့် ဆွေးနွေးမှုများတို့ကို အခြေခံသော စောင့်ကြည့်အကဲဖြတ်မှုတို့ဖြင့် ထောက်ပံ့နိုင်သည်။ ဤတွေ့ရှိချက်များကို ပြည်နယ်/တိုင်းအဆင့်နှင့် နိုင်ငံတော်အဆင့်တို့သို့ ပြန်လည်တင်ပြရန် ကြိုးစားရမည်ဖြစ်ပြီး "ငြိမ်းချမ်းရေးအလှူရှင် အထောက်အပံ့အုပ်စု"အပါအဝင်ဖြစ်သော အခြားပဋိပက္ခဖြေရှင်းရေး အစီအမံများနှင့်လည်း ချိတ်ဆက်ထားသင့် သည်။

## မူဝါဒ ၁၀။ ပြန်လည်သတင်းပို့စနစ်၊ တာဝန်ခံမှုနှင့် နစ်နာမှုကိုကိုင်တွယ်ဖြေရှင်းခြင်းစနစ်များကို တည်ဆောက်ရန်

ပြန်လည်သတင်းပို့စနစ်၊ တာဝန်ခံမှုနှင့် နစ်နာမှုကိုကိုင်တွယ်ဖြေရှင်းခြင်းစနစ်များသည် ရပ်ရွာများ၊ ပတ်သက်ဆက်နွယ်သူအမျိုးမျိုးတို့နှင့် အပြုသဘောဆက်ဆံရေးတွင် အဓိကကျသည်။ ဤစနစ်များသည် ကြားနေရမည်၊ အားလုံးသို့ ဖွင့်ထားရမည်ဖြစ်ပြီး၊ တင်းမာမှုနှင့် ပဋိပက္ခဖြစ်မှုတို့ကို လျှော့ချနိုင်စွမ်းရှိရမည်။ တာဝန်ခံမှုမူဝါဒသည် ပဋိပက္ခကို အလေးထားတုံ့ပြန်မှုတွင် အချက်အခြာဖြစ်သည်။ ယင်းသည် လုပ်ပိုင်ခွင့်၊ မိတ်ဖက်နှင့် ပတ်သက်ဆက်နွယ်သူတို့၏ ဆက်ဆံရေးစသည့် ကိစ္စရပ်များကို သက်ရောက်မှုရှိပြီး ယင်းတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်၊ ဩဇာသက်ရောက်မှု စသည်တို့ကို ဖော်ပြပေးသောကြောင့်ဖြစ်သည်။

မိတ်ဖက်များကိုလမ်းညွှန်နိုင်ရန်အတွက် LIFTသည် တာဝန်ခံယူမှုမူဘောင်[6]ကို ပြုစုထားသည်။ ယင်းတွင် မကျေနပ်မှု၊ ကြောင့်ကြမှု၊ ထင်မြင်ချက်တို့ကိုတုံ့ပြန်ရန် ယန္တရားတစ်ခုကိုပါ ဖော်ပြထားသည်။ မိတ်ဖက်များ သည်လည်း ယင်းတို့၏လုပ်ငန်းနယ်မြေနှင့် ကိုက်ညီသော လက်တွေ့ကျသော  အလားတူယန္တရားတစ်ရပ်ကို ထူထောင်ကျင့်သုံးရန် မျှော်လင့်သည်။

## မူဝါဒ ၁၁။ စီမံချက် ထွက်ပေါက်မဟာဗျူဟာ တစ်ရပ်ကိုပြုစုရန်

စီမံကိန်းတစ်ခုပိတ်သိမ်းသောအခါ တင်းမာမှုများ ဖြစ်လာနိုင်သည်။ အထူးသဖြင့် ပတ်သက်ဆက်နွယ်သူတို့နှင့် ရပ်ရွာလူထုက ဤစီမံကိန်းအဘယ်ကြောင့်ပိတ်သိမ်းသည်ကို မသိသောအခါတွင် ပို၍ဖြစ်တတ်သည်။ ထို့ကြောင့် သေချာစွာစဉ်းစား သုံးသပ်ထားပြီး လက်ခံထားသော ထွက်ပေါက်မဟာဗျူဟာတစ်ခုကို စီမံကိန်းမစတင်မီ သို့မဟုတ် စီမံချက်မပိတ်သိမ်းမီကပင် ကြိုတင်ရှိထားရန် အရေးကြီးသည်။ ဖြစ်သင့်သည်မှာ ယင်းမဟာဗျူဟာကို စီမံချက်အစပျိုးချိန်ကပင် ရပ်ရွာ၊ အကျိုးတူဆောင်ရွက်သူများ၊ မိတ်ဖက်များနှင့်တိုင်ပင်ကာ ပဋိပက္ခကို ဂရုပြုသောအမြင်ဖြင့် ရေးဆွဲထားသင့်သည်။

အရင်းအမြစ်များကို ခွဲဝေမှုဆိုင်ရာကိစ္စရပ်များကို သေချာစွာစဉ်းစားဆင်ခြင်ထားသင့်သည်။ အထူးသဖြင့် ပဋိပက္ခ ဖြစ်နိုင်သောအခြေအနေတွင် ဖြစ်သည်။ ယင်းတွင် မည်သည်ကို မည်သူ့ထံသို့ ခွဲဝေထားကြောင်းပါဝင်ရမည်။ တင်းမာမှုများ လျှော့ပါးစေမည့်အရေးယူမှုများကိုလည်း ရေးဆွဲထားရမည်။ စီမံချက်၏အကျိုးကျေးဇူးများကို ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ သဘောတူညီမှုရှိထားသင့်သည်။ အသစ်ထူထောင်သောဒေသခံအဖွဲ့အစည်းများ၊ အုပ်စု များတိုင်းကိုလည်း အားဖြည့်ထား ရမည်ဖြစ်ပြီး စီမံချက်၏အထောက်အပံ့မပါဘဲ သီးခြားလှုပ်ရှားနိုင်သည်အထိ ဆောင်ရွက်ထားရမည်။ စီမံချက်၏တွန်းအားဖြင့် စနစ်များကို ထူထောင်ခြင်းမပြုဘဲ၊ ပတ်သက်ဆက်နွယ်နေသူများ နှင့် ရပ်ရွာလူထုကိုနားလည်မှု တည်ဆောက်ပေးပြီး ယင်းတို့၏ ဆန္ဒအလျောက်တဖြည်းဖြည်းချင်း ပါဝင်ဆောင် ရွက်သွားစေသင့်သည်။ ရပ်ရွာလူထု၏ ရည်ရွယ်ချက်နှင့် အကျိုးစီးပွားကို ထိရောက်စွာမဖြည့်ဆည်းပါက စီမံချက်၏ တွန်းအားဖြင့်တည်ဆောက်ခဲ့သော စနစ်များသည် တာရှည်မခံတတ်ပေ။ ပဋိပက္ခတွင်ပါဝင်သူများနှင့် အခြားသူ တို့ကို ပေါင်းစည်းပေးပြီး ရပ်ရွာ၏အကြောင်းကိစ္စများ ကိုဖြေရှင်းရန်အတွက် လိုအပ်သော စနစ်များသည်သာ ပိုမို တာရှည်ခံနိုင်သည်။

## မူဝါဒ ၁၂။ စီမံကိန်းသက်တမ်းတစ်လျှောက်လုံးတွင် ဤမူဝါဒများကို အသုံးပြုခြင်း

ဤမူဝါဒများက ချမှတ်သောလမ်းညွှန်ချက်များကို စီမံကိန်းသက်တမ်းတစ်လျှောက်လုံးနှင့် စီမံချက်အကောင်အ ထည်ဖော် မှုအတွင်းတွင် သက်ရောက်မှုရှိစေရန် စီမံကိန်းဒီဇိုင်းထဲတွင် ထည့်သွင်းထားရမည်။ ရှေးဦးပဋိပက္ခအခြေအနေသုံးသပ်ချက် သည် လျင်မြန်စွာခေတ်မမီတော့ဘဲ ဖြစ်သွားနိုင်သောကြောင့် စီမံကိန်းအကောင်အထည်ဖော်စဉ်အတွင်းတွင် ထိရောက်အောင် မဟာဗျူဟာတစ်ရပ်ဖြင့် အသက်သွင်းမထားပါက အသုံးဝင်မည်မဟုတ်ပေ။ အချို့အခြေအနေတို့တွင် စောစောပိုင်းသုံးသပ်စဉ်က ဖော်ထုတ်မထားသောကိစ္စရပ်များသည် လုပ်ငန်းဆောင်ရွက်သောအခါမှ မမျှော်လင့်ဘဲ

[6] www.lift-fund.org/guidelines တွင် အင်္ဂလိပ် မြန်မာနှစ်ဘာသာဖြင့်ရရှိနိုင်သည်။

ပေါ်ပေါက်လာတတ်သည်။ ထို့ကြောင့် စီမံကိန်းများတွင် စီမံချက်၏ဒီဇိုင်းနှင့်လုပ်ငန်းဆောင်ရေး မဟာဗျူဟာတို့ကို ပြန်လည်သုံးသပ်ပြီး အချိန်နှင့်တစ်ပြေးညီမွမ်းမံနိုင်မည့်စနစ်များ ထားရှိရန် အရေးကြီးသည်။